# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၁၄) ရက် ၊ သောကြာနေ့ ၊ (3-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁/၂၀၂၃**

၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို

**စာမျက်နှာ ၁၈ ကော်လံ ၁**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၂/၂၀၂၃**

၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန်

**စာမျက်နှာ ၁၈ ကော်လံ ၁**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၃/၂၀၂၃**

၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ထန်းတပင်မြို့နယ်

(ခ) အုတ်ဖိုမြို့နယ်

(ဂ) နတ်တလင်းမြို့နယ်

(ဃ) ပေါင်းတည်မြို့နယ်

(င) ပေါက်ခေါင်းမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး၊**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်
အယ်ဒီတာ့အာဘော်

# ကြည်ညိုသာဓုကုသိုလ်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ထားပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။

ထိုသို့ ဌာပနာသွင်းလှူပူဇော်ခဲ့ကြရာတွင် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်၊ ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြသည်မှာ ဘာသာ၊ သာသနာအရေးတွင် လက်မနှေးဘဲ အမြဲအစဉ်ပါဝင်လှူဒါန်းလေ့ရှိကြသော မြန်မာတို့၏သဒ္ဓါတရားကို ထင်ရှားစွာ မြင်တွေ့ကြရခြင်းပင်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ထုဆစ်ပြီးစီးသည့် ဆင်းတုတော်အစိတ်အပိုင်းများကို တွဲဆက်ပြီးနောက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ဝန်ချီစက်ရှစ်လုံးပါ သံမဏိမျှော်စင်တည်ဆောက်ခြင်း၊ ဆင်းတုတော်ပင့်ဆောင်ရာတွင် ထုဆစ်ပြီးကျောက်သားများ ထိခိုက်မှုမရှိစေရန် သံမဏိပန်းတောင်းတည်ဆောက်ခြင်းတို့ကို အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်းတန်ချိန်အားဖြင့် တန် ၃၈၀၀ အသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့်ပူးပေါင်းကာ တပ်မတော်သားအင်ဂျင်နီယာများက တည်ဆောက်ခဲ့သည်။ ဆင်းတုတော်အစိတ်အပိုင်းကြီးနှင့်ဆင်းတုတော်ထည့်သွင်းထားသည့် သံမဏိရတနာပန်းတောင်းတို့၏အလေးချိန် ၂၃၆၇ ဒသမ ၅ တန်တို့ကို သံမဏိမျှော်စင်ဝန်ချီစက် ရှစ်လုံးတို့ဖြင့် ပင့်ဆောင်၍ ဆင်းတုတော်အစိတ်အပိုင်းကြီးကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နေရာချထားနိုင်ခဲ့သည်ကို ရွှင်လန်းအားရစွာ တွေ့ရပေသည်။ အများပြည်သူများ စိတ်နှလုံးအေးချမ်းစွာ လာရောက်ဖူးမြော်နိုင်စေရန်၊ တရားဘာဝနာများအေးချမ်းစွာပွားများအားထုတ်နိုင်စေရေးနှင့် မြတ်ဗုဒ္ဓ၏နှုတ်ကပါဌ်တော်ပိဋကသုံးပုံတို့ကို လေ့လာဖူးမြော်ကြည်ညိုနိုင်စေရေးတို့အတွက် တည်ဆောက်ပူဇော်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာတွင်သာမက ကမ္ဘာတွင်ပါ အကြီးဆုံးဖြစ်သော ထိုင်တော်မူဆင်းတုတော်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် မြန်မာတို့၏လုံ့လဥဿာဟနှင့် ကြည်ညိုသဒ္ဓါတရားတို့ကို ဖော်ပြညွှန်းဆိုနေသလို နိုင်ငံသာယာဝပြော၍ အေးချမ်းသာယာသည့် နိမိတ်ကောင်းတို့ပေါ်ပေါက်တည်ရှိရာလည်းဖြစ်သည့်အပြင် ကြုံခေါ်ကြုံခဲ ကုသိုလ်အလှူဒါနပွဲလည်းဖြစ်ရာ သာဓုအကြိမ်ကြိမ်ခေါ်ကာ ဝမ်းမြောက်စွာဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသောတွဲကားများကို စစ်ဆေးအရေးယူလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသော တွဲကားများကို စစ်ဆေးအရေးယူလျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်သာယာနယ်နိမိတ်ရှိ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်အတွင်း လမ်းမကြီးပေါ်၌ စည်းကမ်းမဲ့ရပ်ထားသော တွဲကားများကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့နှင့်မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် ဇန်နဝါရီလ တတိယပတ်မှစ၍ ယနေ့ထိ ကွင်းဆင်းစစ်ဆေးအရေးယူမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"မန္တလေး စည်ပင်နယ်နိမိတ် ခြောက်မြို့နယ်အတွင်းမှာ အခုလက်ရှိ ၁၀ ဘီး၊ ၁၂ ဘီးနဲ့ ၂၂ ဘီးတွဲတွေပါဝင်တဲ့ တွဲကားတွေ အနေနဲ့ လမ်းဘေး ဝဲ၊ ယာနဲ့ လမ်းမကြီးတွေပေါ်မှာ စည်းကမ်းမဲ့ရပ်နားထားကြတာတွေ တွေ့နေရတာကြောင့် အရေးယူမှုတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

တွဲကားကြီးများ ရပ်နားထားရာတွင် ရက်ပေါင်းကြာမြင့်စွာ ရပ်နားထားခြင်းကြောင့် ၎င်းလမ်းပိုင်း၌ ယာဉ်ကြောရှုပ်ထွေးမှုများအပြင် ညပိုင်းအချိန်များတွင် ယာဉ်တိုက်မှုများပါ ဖြစ်ပွားနိုင်သောကြောင့် စည်းကမ်းမဲ့ရပ်နားထားသော တွဲကားကြီးများကို စစ်ဆေးအရေးယူမှုများ လုပ်ဆောင်လျက်ရှိပြီး တစ်ရက်လျှင် စည်းကမ်းဖောက်ဖျက်သည့်ယာဉ် ၁၀ စီးထိ စစ်ဆေးတွေ့ရှိကြောင်း သိရသည်။

"စည်းကမ်းမဲ့ ရပ်နားထားတဲ့ တွဲကားတွေကို ဒဏ်ကြေးငွေအဖြစ် ငွေကျပ် ၅၀၀၀၀ ဒဏ်ရိုက်အရေးယူပါတယ်။ ပိုင်ရှင်မဲ့ဖြစ်ရင် ဒီတွဲကားတွေကို ကရိန်းနဲ့မပြီး နီးစပ်တဲ့ မန္တလေးမြို့တော် စည်ပင်ပိုင်ကစားကွင်းထဲကို သိမ်းသွားမယ်။ ကရိန်းနဲ့ဆွဲသွားပြီဆိုရင်တော့ ကရိန်းငှားရမ်းခအပါအဝင် ဒဏ်ကြေးငွေ စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ပေးဆောင်ရမှာပါ"ဟု ဦးရဲထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးမြို့ရှိဈေးကြီးများ၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေ

**မန္တလေး ဖေဖော်ဝါရီ ၂**

လာမည့် နွေရာသီကာလတွင် မန္တလေးမြို့ရှိ ဈေးကြီးများ၌ မီးဘေးအန္တရာယ် ကင်းရှင်းစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

မကြာမီကာလတွင် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ စတင်ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ နွေကာလတွင် မန္တလေးမြို့ရှိဈေးကြီးများ၌ မီးဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရန်အတွက် ပူးပေါင်းအဖွဲ့များဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

"မန္တလေးမြို့မှာရှိတဲ့ ဈေးချို၊ မန်းမြန်မာပလာဇာ၊ နန်းရှေ့ဈေး စတဲ့ဈေးတွေမှာရှိတဲ့ ဈေးဆိုင်ခန်းတွေမှာ လျှပ်စစ်နဲ့ပတ်သက်ပြီး ဘေးအန္တရာယ် ကင်းရှင်းစေဖို့ လျှပ်စစ်မီးကြိုးတွေ၊ ပြီးတော့ မီးသတ်ဆေးဘူးတွေကအစ ကောင်းမွန်မှုရှိမရှိကို ပူးပေါင်းအဖွဲ့တွေနဲ့ လိုက်လံစစ်ဆေးနေပါတယ်။ ဈေးဆိုင်ခန်းတွေမှာ မီးသတ်ဆေးဘူးတွေ ကုန်နေတယ်ဆိုရင်လဲ အသစ်ပြန်လည်လဲလှယ်ထားဖို့ကို ပြောကြားထားပါတယ်"ဟု ဦးသက်နိုင်က ပြောပြသည်။

မန္တလေးမြို့ရှိ ဈေးကြီးများဖြစ်သည့် ဈေးချိုတော်၊ မန်းမြန်မာပလာဇာ၊ နန်းရှေ့ဈေး စသည့် ဈေးပေါင်း ၄၀ ကျော်တွင် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးတို့ ပူးပေါင်းကာ ဖေဖော်ဝါရီလ ပထမပတ်မှစ၍ စတင်လုပ်ဆောင်နေကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများ ဈေးနှုန်းပြန်လည်ကျဆင်းလာမှုကြောင့် အရောင်းအဝယ်ကောင်းလျက်ရှိပြီး အခြားဘီးများမှာ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၁ သိန်းမှ သိန်း ၄၀ ခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင် နံပါတ်ထွက်ပြီး တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများသာ အရောင်းအဝယ်အနည်းငယ်ရှိကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများအရောင်းအဝယ်ရှိကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ်ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကွတ်ခိုင်မြို့နယ် နမ့်ကျင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွတ်ခိုင် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုနောင်ကျေးရွာအုပ်စု နမ့်ကျင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက နမ့်ကျင်လီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နမ့်ကျင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထုတ်ချေးခြင်း အခမ်းအနားသို့ ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ရိုး**

# စဉ့်ကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ရေပေးရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ မြို့ဝန်ကုန်းကျေးရွာအုပ်စု ကြည်ရွာကျေးရွာနှင့် အုန်းပင်ခြံကျေးရွာအုပ်စု ကသဲစုကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ရှိသူများသည် ကြည်ရွာကျေးရွာနှင့် ကသဲစုကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ကျေးရွာတစ်ရွာလျှင် အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၉၃ သန်းစီဖြင့် Bi Hope World ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၆၄၇ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၆၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၆၄၇ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၁၆၄၇ ဧက အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံလျာထား ၁၆၄၇ ဧကစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာလဲ ပိုးမွှားအန္တရာယ် ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မစိုက်ပျိုးမီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်တွေဟာ အစိမ်းစားရတဲ့ သီးနှံတွေများတဲ့အတွက် အစိမ်းစားသုံးတဲ့အခါ အန္တရာယ်မဖြစ်စေဖို့ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲမသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေကို လုပ်ပေးထားပါတယ်"ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် စားဖိုဆောင်သီးနှံများစိုက်ပျိုးရာ၌ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သင်္ဘော၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သည့် သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုးနဲမြို့နယ် ကုန်းကျောင်းကျေးရွာ၌ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**မိုးနဲ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းကျောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းကို မိုးနဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာမနှစ်ဦးက ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ ဘက်စုံသုံးဆပ်ပြာ ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှဖေဖော်ဝါရီ ၁၅ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝိုးတောင်း**

# ချောက်မြို့နယ် သံဘို(မ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သံဘိုကျေးရွာအုပ်စု သံဘို(မ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဦးကျော်မင်းထွန်း၊ ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက သံဘို(မ)ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အရှည် ၆၁၆၂ ပေရှိ အိမ်သွယ်ရေတိုင်စနစ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)က တင်ဒါအောင်မြင်သည့် စွမ်းထက်ပြည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေး၊ သတ်မှတ်ကာလအတွင်းပြီးမြောက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ချောက်မြို့နယ် သံဘို(မ)ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၉၄ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အရှည် ၆၁၆၂ ပေရှိ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ လုပ်ငန်း ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက သံဘို(မ)ကျေးရွာရှိ အိမ်ခြေ ၁၂၉ အိမ်၊ လူဦးရေ ၅၈၄ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေးအိမ်တိုင်ရာရောက် ရရှိနိုင်မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွံ့ယဉ်**



# ကောင်းကျိုးလိုလားသူတွေ လိုရာဆန္ဒပြည့်ဝကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ . . . ဆန္ဒကိုရှေ့တန်းတင်လွန်းရင် တော်တော်ဒုက္ခရောက်ကြလေ့ရှိတယ်နော်"

"မင်းက ဘာကိုဆိုလိုချင်တာလဲကွ"

"ဒီလိုပါကွာ။ လူ့လောကမှာ လူတိုင်းဟာ လိုလားချက်တွေ ကိုယ်စီရှိနေကြတယ်မဟုတ်လား။ အဲဒီလိုလားချက်တွေကို ဖြည့်ဆည်းကြတဲ့နေရာမှာ အတ္တနဲ့ ပရ မျှတကြရင်တော့ ပြဿနာမရှိကြဘဲ ပြေလည်လေ့ရှိတယ်။ အတ္တနဲ့ ပရ မမျှကြရင်တော့ ပြဿနာတွေ ဖြစ်ပေါ်လာလေ့ရှိကြတယ်။ ပြဿနာဆိုတာက အကြီးအငယ် အသွယ်သွယ်ရှိကြတယ်။ မင်းတို့ မှုခင်းဂျာနယ်တွေမှာ ဖော်ပြပေးနေတဲ့ မှုခင်းကြီးငယ် အသွယ်သွယ်ဆိုတာ ဆန္ဒကစခဲ့တာတွေချည်းပဲကွ"

"ငါ့သူငယ်ချင်းက တယ်ဟုတ်နေပါလားကွ။ မင်း ဒီစကားတွေကို ခြေဆင်းသဘောမျိုးပြောနေတာဟာ အကြောင်းရင်းရှိရမယ်။ အဲဒီအကြောင်းရင်း လိုရင်းကိုပဲ ရှင်းပြစမ်းပါကွာ"

"ဒီလိုကွ။ တို့ရပ်ကွက်ထဲမှာ ကွန်ကရစ်လမ်းခင်းဖို့ တိုင်ပင်ညှိနှိုင်းကြတဲ့အခါ သူ့လမ်းကစခင်းမယ်၊ ငါ့လမ်းကစခင်းမယ်ဆိုပြီးတော့ ငြင်းခုံကြရင်းက အချင်းများ၊ အမုန်းပွားကုန်ကြတယ်ကွာ။ မကြီးမငယ် အရွယ်တွေဖြစ်ပြီး တရားမရကြသေးတာကို မြင်တွေ့နေရတော့ ဩော် . . . မှုခင်းတွေဖြစ်ပွားနေကြရတာဟာ ဒါကြောင့်ပါလားဆိုတဲ့ သံဝေဂကို ငါရခဲ့တယ်ကွ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ။ လိုရင်းကိုချုပ်လိုက်ရင် ဆန္ဒရဲ့မြစ်ဖျားခံရာက အတ္တ၊ အတ္တရဲ့အရင်းခံက စိတ်ပဲ၊ ဘယ်အရာမဆို စိတ်ကသာအဓိကကွ။ စိတ်ကို မချုပ်တည်းနိုင်ကြလို့သာ မီး ၁၁ ပါး၊ အကုသိုလ်စေတသိက် ၁၄ ပါးဖြစ်ပေါ်နေကြတာကွ"

"ငါ နားလည်အောင် ရှင်းပြစမ်းပါအုံးကွာ"

"မီး ၁၁ ပါးဆိုတာက ရာဂမီး(လိုချင်တပ်မက်မှု)၊ ဒေါသမီး(အမျက်ထွက်မှု)၊ မောဟမီး(တွေဝေမှားယွင်းမှု)၊ ဇာတိမီး(ပဋိသန္ဓေနေမှု)၊ ဇရာမီး(ရင့်ရော်မှု)၊ ပရိဒေဝမီး(ငိုကြွေးပူဆွေးမှု)၊ သောကမီး(စိုးရိမ်ကြောင့်ကြမှု)၊ မရဏမီး(သေဆုံးမှု)၊ ဒုက္ခမီး(ဆင်းရဲမှု)၊ ဒေါမနဿမီး(စိတ်မသာယာမှု)၊ ဥပါယာသမီး(စိတ်ပင်ပန်းမှု)တွေပဲကွ"

"အကုသိုလ်စေတသိက် ၁၄ ပါးက လောဘ၊ ဒေါသ၊ မောဟ၊ မာန(ထောင်လွှားအထင်လွဲမှု)၊ ဒိဋ္ဌိ(အယူမှားမှု)၊ ဝိစိကိစ္ဆာ(ယုံမှားသံသယရှိမှု)၊ ထိန(စိတ်ထိုင်းမှိုင်းမှု)၊ ဥဒ္ဓစ္စ(စိတ်ပျံ့လွင့်မှု)၊ အဟိရိက(ဟိရိ)(အရှက်မရှိမှု)၊ အနောတ္တပ္ပ(ဩတ္တပ္ပ)(အကြောက်မရှိမှု)၊ ကုက္ကုစ္စ(နောင်တရပူပန်မှု)၊ မစ္ဆရိယ(ဝန်တိုမှု)၊ ကုက္ကုစ္စ(နောင်တရပူပန်မှု)၊ မိဒ္ဓ(စိတ်စေတသိက်ထိုင်းမှိုင်းမှု) တွေပဲကွ။ မနာလိုမှု၊ ဝန်တိုမှုနဲ့ နောင်တရပူပန်မှု၊ စိတ်စေတသိက်ထိုင်းမှိုင်းမှုဟာ ထိန(စိတ်ထိုင်းမှိုင်းမှု) နဲ့ အတူတူပဲကွ"

"အဲဒီမီး ၁၁ ပါးနဲ့အကုသိုလ်စေတသိက် ၁၄ ပါးကို **မီးပုံအသွင်၊ တံကျင်မဖြား၊ လောင်အိမ်၊ နောင်အိမ် အလားပဲ**တဲ့ကွ။ အဲဒါတွေရဲ့အချုပ်က မကောင်းမှုပြုဖို့ အရှက်အကြောက်ရှိရမယ်ဆိုတဲ့ ဟိရိဩတ္တပ္ပလောကပါလ တရားနှစ်ပါးကင်းမဲ့နေကြခြင်းပဲတဲ့။ မရှက်တာ၊ မကြောက်တာဟာ ဆန္ဒကို လှုံ့ဆော်ပေးတဲ့စိတ်ပဲကွ။ ဒါကြောင့် ငါ့ကို ဆရာတော်တစ်ပါးက **'ဟယ်...စိတ်နင်ရိုင်းတိုင်းငါမလုပ်'**ဆိုတဲ့ စကားကိုလက်ကိုင်ထားပြီး စိတ်အလိုကိုယ်မပါအောင် အသိ သတိရှိပါလို့ မှာကြားခဲ့ဖူးတယ်ကွ"

"သိပ်မှန်တဲ့စကားတွေ။ လူတွေဟာ ကောင်းမှုထက်၊ မကောင်းမှုကို ပိုပြီးမွေ့လျော်လေ့ရှိကြတယ်။ ဥပုသ်စောင့်ဖို့ခေါ်ရင် မလိုက်ချင်ကြပေမဲ့ ဘီယာနဲ့ အရက်သောက်ဖို့ခေါ်ရင်တော့ လိုက်ချင်ကြတယ်။ တစ်နာရီပြည့်အောင် တရားမထိုင်နိုင်ကြပေမဲ့ တစ်ညလုံး၊ တစ်နေ့လုံးထိုင်ပြီး ပိုကာဒေါင်း လောင်းကစားနိုင်ကြတယ်။ အရက်ဝင်လာရင် အသိစိတ်ပျောက်ပြီး အရှက်အကြောက်ကင်းမဲ့လာကြတယ်။ ခိုက်ရန်ဖြစ်ပွားဖို့ ဝန်မလေးကြသလို ဇက်ရဲလက်ရဲ လူသတ်ရဲလာကြတယ်။ မောဟစိတ်ကြောင့် ရာဂတဏှာစိတ်တွေဝင်လာပြီး သူတစ်ပါးသားမယားကို ပြစ်မှားဖို့လဲ ဝန်မလေးကြတော့ဘူး။ လောဘစိတ်ကြောင့် အတ္တမီးတောက်လောင်ပြီး ဘယ်သူသေသေ ငတေမာပြီးရော သဘောထားလာကြတယ်။ ဒါကြောင့် မှုခင်းကြီးငယ် အသွယ်သွယ်ဖြစ်ပေါ်နေကြတာပေါ့ကွာ"

❖ ဆိုလိုတာက စိတ်အလိုကိုယ်မပါကြဖို့ပါပဲ။ ဒီနေရာမှာလဲ စိတ် အလိုကိုယ်ပါမှု၊ မပါမှုကို ခွဲခြားနားလည်ထားကြဖို့လိုတယ်။ ကောင်းကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်ပါရမယ်။ ဆိုးကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်မပါအောင် အသိ သတိရှိကြဖို့လိုတယ်။ ကျောင်းသားအရွယ်မှာ စာမေးပွဲအောင်မြင်အောင် စိတ်ပါလက်ပါ ကြိုးစားကြရမယ်။ အောင်မြင်ချင်တဲ့ ရည်မှန်းချက်စိတ်အလိုကို စာကြိုးစားမှုဆိုတဲ့ ကာယကံမြောက် ထိရောက်အောင် လက်တွေ့ကြိုးစားကြဖို့လိုတယ်။ ကျောင်းပြေးချင်တာ စာမကြိုးစားချင်ဘဲ တေပေလေလွင့်နေတဲ့ စိတ်အလိုကို ကိုယ်မပါအောင် ထိန်းချုပ်ထားနိုင်ကြဖို့လိုတယ်။ ❖

"စိတ်အလိုကိုယ်လိုက်ပါများရင် ခိုက်တတ်တယ်ကွ။ ခိုက်တယ်ဆိုတာ ကိုယ်ကျိုးစီးပွားပျက်စီးတာကို ပြောတာ။ လက်တွေ့ဖြစ်ရပ်မှန်မှုခင်းတွေထဲက သာဓကတချို့ကို ပြောပြမယ်။ အပျော်အပါးကို လိုက်စားချင်လွန်းတဲ့ ဝါသနာပါသူတချို့ဟာ လည်ပါများတဲ့ဘီး ချေး(ချီး)သင့်သလိုပဲ ဘေးသင့်ကြလေ့ရှိတယ်ကွ။ မိန်းကလေးတွေကိုမြင်ရင် ငမ်းငမ်းတက်ဖြစ်လေ့ဖြစ်ထရှိကြသူတွေ၊ မလည်မဝယ်ဘဲ အကဲစမ်းချင်သူတွေဟာ ထောင်ဖမ်းခံကြရတယ်။ ငွေညှစ်တာခံကြရတယ်။ ပြည့်တန်ဆာလို မိန်းမမျိုးကို တွဲမိလို့ မယားခိုးမှုနဲ့ ငွေညှစ်တာခံကြရတာတွေ အများကြီး ရှိခဲ့တယ်ကွ"

"အဝေးပြေးကုန်တင်ကားကြီးတွေကို မောင်းနှင်နေကြတဲ့ အချို့ယာဉ်မောင်းတွေနဲ့ အချို့ယာဉ်နောက်လိုက်တွေဟာ မကြာခဏခံကြရတယ်။ သူတို့က ညဘက်မှာ မောင်းနေကျဆိုတော့ ညဘက်မှာထွက်တဲ့ ညဥ့်ငှက်တွေနဲ့ အပေးအယူရှိကြတယ်။ ဥပမာပြောရရင်ကွာ ပဲခူးအလွန်မှာတွေ့တဲ့ညဥ့်ငှက်ကိုခေါ်သွားပြီး ညောင်လေးပင်၊ ကျောက်တံခါးမှာ ချပေးခဲ့ကြတယ်။ ညဥ့်ငှက်တွေကလဲ အဲဒီမှာတွေ့တဲ့ဖောက်သည်ကုန်ကားနဲ့ ပဲခူးဘက်ပြန်လာခဲ့ကြတယ်။ သူတို့အတွက် အသွားအပြန်ခရီးမှာ ဖောက်သည်ရရင် ဝင်ငွေကောင်းနေလေတော့ ဒီအလုပ်ပဲ လုပ်စားနေကြတာပေါ့ကွာ"

"အဲဒါကိုအခွင့်ကောင်းယူပြီး လုယက်သူတွေက ညဥ့်ငှက်တွေကို တည်ကြက်လုပ်ပြီး ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်ကို ရိုက်နှက်လုယက်ကြတာပေါ့ကွာ။ လုယက်ခံရတာက တစ်ခဏပါ။ တစ်ဘဝခံလိုက်ရတာက AIDS ရောဂါပဲကွ။ အချို့ခရီးသည်တွေက လမ်းမှာအရေးတကြီးကိစ္စရှိလို့ ကုန်ကားကိုတားရင် ဘယ်တော့မှရပ်မပေးဘူး။ ညဥ့်ငှက်သူယောင်မယ် ပြည့်တန်ဆာတွေက ကိုယ်ယောင်လေးထွက်ပြလိုက်တာနဲ့ အရှိန်ပြင်းပြင်းနဲ့ မောင်းလာတဲ့ကားဟာ ချက်ချင်းရပ်ပေးလိုက်ကြတာပဲကွ။ ကားသမားတိုင်းတော့ မဟုတ်ပါဘူး။ အပျော်အပါးလိုက်စားဖောက်ပြားနေကြတဲ့ ယာဉ်မောင်းတချို့ကို ပြောတာပါ။ ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်နိုင်တော့ ပါလာတဲ့ ကုန်ဖိုးငွေတွေ အလုခံကြရတာပေါ့ကွာ"

"နယ်မြို့ တစ်မြို့က လုပ်ငန်းရှင်တစ်ယောက်ကို မိန်းကလေးနဲ့မျှားပြီး ငွေကျပ် ၁၆ သိန်းလုသွားခဲ့ကြလို့ အမျိုးသမီးနဲ့ ကြံရာပါအမျိုးသားကို ထောင်ဒဏ် ခုနစ်စီချခဲ့သလို ဆက်သွယ်ပေးတဲ့ ဆိုက်ကားသမားကိုလဲ ထောင်ဒဏ် ခြောက်နှစ်ချခဲ့ဖူးတယ်ကွ"

"အလားတူ ဖြစ်ရပ်မျိုးပဲ။ တောရွာကတက်လာသူ နှစ်ယောက်ဟာ ပါလာတဲ့ခနီတွေကိုရောင်းချပြီး အရက်သောက်ခဲ့ကြတယ်။ အရက်သောက်ပြီး ဆိုက်ကားငှားတော့ ဆိုက်ကားသမားက ပျော်ပါးချင်ရင် လိုက်ပို့ပေးမယ်ဆိုပြီး အိမ်တစ်အိမ်ကိုခေါ်သွားခဲ့တယ်။ အဲဒီအိမ်ရောက်တော့ ဈေးညှိပြီး ပျော်ပါးဖို့စီစဉ်နေတုန်းမှာ အခြားမိန်းကလေးတစ်ယောက်က အဖေပြန်လာပြီလို့ပြောတာနဲ့ အိမ်ထဲက ပြန်ထွက်လာခဲ့ကြရတယ်။ အိမ်အပြင်လဲရောက်ရော သူတို့ငွေတွေမရှိတော့ဘူး။ ဒီတော့မှ ရာဂမာန်ထ မွန်ထူနေသူတွေဟာ အရက်သွေးကလဲ ဆူကြွလာတော့ ဆင်ခြင်အသိမရှိကြတော့ဘဲ ဆိုက်ကားသမားကို သတ်လိုက်ကြတယ်။ အခုငါပြောခဲ့တဲ့ လုယက်မှုနဲ့ လူသတ်မှုတွေမှာ မိန်းမလိုက်စားကြလို့ ဖြစ်ပွားခဲ့ကြရတာတွေချည်းပဲကွ။ ဒါကြောင့် **မဃဒေဝလင်္ကာ**မှာ-

"**ညစ်ညူးရာဂ၊ ကိလေသဖြင့်၊ တဏှာ့လိုလိုက်၊ ဒုစရိုက်နှင့် အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား၊ အကျိုးမဲ့ရွာ၊ အပြစ်သာရှင်**"လို့ ဆိုထားသလို "**ကာမရောဂါ၊ ဝမ်းတွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး၊ မိမိပညာ၊ သတိသာလျှင်၊ မဟာဩသဓ၊ ဆေးမည်စွရှင်**"လို့ သတိပေးထားတယ်ကွ"

"တကယ်တော့ တဏှာရာဂ ကိလေသဆိုတာ စိတ်ပါပဲကွာ။ စိတ်အလိုကိုယ်လိုက်နေကြလို့ လူမိုက်တွေ ဖြစ်နေကြတာကွ။ အဲဒီလိုပဲ လူ့ဘဝ ကြီးပွားတိုးတက်မှုမှာလဲ အဓိကကျတာက စိတ်ပဲကွ။ **စာဆိုဂျင်ဒီလာဖောင်(န်)တိန်း(Jean De La Fontaine)** က "**ကိုယ်စိတ်နှလုံးကို ထိန်းချုပ်အောင်မြင် နိုင်ခြင်းဟာ အမြင့်မြတ်ဆုံးစွမ်းဆောင်အောင်မြင်မှုပါပဲ(The noblest victory is to Conquer one's own heart)**"လို့ ထောက်ပြခဲ့တယ်ကွ"

"ဆိုလိုတာက စိတ်အလိုကိုယ်မပါကြဖို့ပါပဲ။ ဒီနေရာမှာလဲ စိတ်အလို ကိုယ်ပါမှု၊ မပါမှုကို ခွဲခြားနားလည်ထားကြဖို့လိုတယ်။ ကောင်းကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်ပါရမယ်။ ဆိုးကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်မပါအောင် အသိ သတိရှိကြဖို့လိုတယ်။ ကျောင်းသားအရွယ်မှာ စာမေးပွဲအောင်မြင်အောင် စိတ်ပါလက်ပါ ကြိုးစားကြရမယ်။ အောင်မြင်ချင်တဲ့ ရည်မှန်းချက်စိတ်အလိုကို စာကြိုးစားမှုဆိုတဲ့ ကာယကံမြောက် ထိရောက်အောင် လက်တွေ့ကြိုးစားကြဖို့လိုတယ်။ ကျောင်းပြေးချင်တာ စာမကြိုးစားချင်ဘဲ တေပေလေလွင့်နေတဲ့ စိတ်အလိုကို ကိုယ်မပါအောင် ထိန်းချုပ်ထားနိုင်ကြဖို့လိုတယ်"

"**စီးပွားရေးလောကမှာလဲ ကြီးပွားချင်ရင် ကြီးပွားအောင် ပြုမူကျင့်ကြံဖို့လိုတယ်ကွ။ တို့ဗုဒ္ဓမြတ်စွာဘုရားက လူမှုရေး၊ စီးပွားရေး၊ ကြီးပွားတိုးတက်ဖို့အတွက် 'သမ္ပဒါတရားလေးပါး'ကို ဟောကြားခဲ့တယ်ကွ။**

**၁။ ဥဋ္ဌာနသမ္ပဒါ = မပျင်းမရိ ထကြွလုံ့လဝီရိယရှိမှုနှင့်ပြည့်စုံခြင်း၊**

**၂။ အာရက္ခသမ္ပဒါ = ရရှိသည့် ပစ္စည်းဥစ္စာတို့ကို လိမ္မာကျွမ်းကျင်စွာ စောင့်ရှောက်ထိန်းသိမ်းတတ်မှုနှင့် ပြည့်စုံခြင်း၊**

**၃။ ကလျာဏမိတ္တသမ္ပဒါ = မှီခိုကိုးစား အားထားလောက်သည့် မိတ်ဆွေကောင်းရှိမှုနှင့်ပြည့်စုံခြင်း၊**

**၄။ သမဇီဝိတာသမ္ပဒါ = ဓနစ်တကျ မျှတစွာ အသက်မွေး သုံးစွဲနေထိုင်တတ်မှုနှင့် ပြည့်စုံခြင်း**

ဆိုတဲ့ သမ္ပဒါတရားလေးပါးရဲ့ ရင်းစစ်မြန်မှန် အကြောင်းခံကလဲ စိတ်ပဲကွ။ အဲဒီစိတ်က ကောင်းကျိုးပြုတဲ့ စိတ်ပဲကွ။ ကောင်းကျိုးမပြုတဲ့စိတ်ကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးကြရတဲ့ အကြောင်းရင်း ခြောက်ပါးရှိတယ်။

**၁။ သေရည်သေရက် စတဲ့ မူးယစ်ပစ္စည်း သုံးစွဲမှု၊**

**၂။ အချိန်အခါမဲ့ ဇရီးသွားလာလေ့ရှိမှု၊**

**၃။ ပျော်ပွဲသဘင်တို့ကို သွားလာကြည့်ရှုရှိမှု၊**

**၄။ လောင်းကစားပျော်ပါးလွန်းမှု၊**

**၅။ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ပေါင်းသင်းမှု၊**

**၆။ ပျင်းရိထိုင်းမှိုင်းမှုတွေပဲကွ။**

အဲဒီ အကြောင်းတရားခြောက်ပါးဟာ ကောင်းကျိုးမပြုတဲ့စိတ်ကြောင့် ဖြစ်ပေါ်ရတာကွ။ ဒါကြောင့် စိတ်အလို ကိုယ်မပါကြဖို့ ပြောဆိုဆုံးမ လမ်းညွှန်ပြနေကြတာပေါ့ကွာ။ ဒါကြောင့် ငါက "**ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုး၍ ကောင်းကျိုးလိုလားသူတွေသာ စိတ်သွားတိုင်းကိုယ်ပါပြီး လိုရာဆန္ဒပြည့်ဝကြပါစေ**" လို့ မေတ္တာပို့ ဆုတောင်းစကားကို ထပ်တိုးပြောင်းလဲလိုက်ချင်တယ်ကွာ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နွေနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး နွေနှမ်းစိုက်ပျိုးမည့် တောင်သူများ သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်အတွက် အခြေခံစိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် သွင်းအားစုပစ္စည်းများ အချိုးကျသုံးစွဲတတ်စေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်မြေအလိုက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ နွေနှမ်းကိုအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားသုံးဆီဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နွေနှမ်းကို မဲဇလီရေလွှဲဆည်နဲ့ မြောက်မုန်းမြောင်းမကြီးဆည် ရေသောက်ဧရိယာမှာ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တစ်မြို့နယ်လုံး နွေနှမ်းစိုက်ဧက ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ နှမ်းမျိုးတွေကတော့ စမုန်နက်၊ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ-၄ မျိုးတွေဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နွေနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# သံတောင်ကြီးမြို့နယ်၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးမင်း(အောက်)ကျေးရွာ၌ လျှပ်စစ်မီးရရှိရေး ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးမင်း(အောက်)ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျေးမင်း(အောက်)ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၂၁၅ ပေ သွယ်တန်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၈ သိန်း၊ စုစုပေါင်းငွေကျပ် ၁၃၈ သိန်း အသုံးပြု၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## တပို့တွဲခါ ငှက်ညီလာနှင့် တူယှဉ်ကာနွဲ ထမနဲပွဲ

- တပို့တွဲလ နှင်းခလို့ချမ်းအေးတုန်
နှာရည်တွေလည်း စိုရွဲလို့ကျလာပုံ
ဆောင်းလောကဘုံ တွေ့ကြုံရလွန်း
မြောက်ကပြန်လေ ပံ့ပိုးနေ
အေးစေကြောင်းကို ညွှန်းသည်နှင့်လေး။

- တပို့တွဲလ ခါသမယမှာလေ
ကျွဲချိုအဖျား ဆတ်များဆတ်ခါနေ
အေးမြပုံထွေ ပြောနေရင်းအေး
ချမ်းအေးလှပုံ အပြောစုံ
စောင်ခြုံလို့ပင် မနွေးသည်နှင့်လေး။

- တပို့တွဲလ ခံကြပြီထန်းရည်ချို
ထန်းယဉ်ကိုနင်း ထန်းရှင်းလင်းပြီကို
ထွက်တိုးစေလို ထန်းကိုယုယ
လယ်နားတဲ့ချိန် ထန်းလုပ်ချိန်
နားချိန်ဘယ်မှာ ရသည်နှင့်လေး။

- တပို့တွဲလ မာယနက္ခတ်ကံ့ရာသီ
ကောင်းကင်ထိန်လင်း တိမ်ကင်းတဲ့လရောင်ခြည်
ကောက်ဦးပေါ်ပြီ သင်းကြည်ရနံ့
ဝန်းကျင်တစ်ခို မွှေးပျံ့ချို
ညွှန်းဆိုဖွယ်ရာ ကင်းသည်နှင့်လေး။

- တပို့တွဲလ တွဲကြလို့တူကာယှဉ်
ထမနဲပွဲ မခွဲအတူပင်
ဆောင်းနှောင်းခါတွင် နွှဲယှဉ်ပြိုင်ပွဲ
မြန်မာပွဲဟန် လှံ့လသန်
ချွေးသည်းထန်ကာ နွှဲသည်နှင့်လေး။

- တပို့တွဲလ ကျင်းကြပြီငှက်ညီလာ
လက်ပံကလည်း ပေါက်လဲနဲ့ပြိုင်ကာ
ဆူးပန်းတင့်သည် ဝတ်ရည်ထုံပျို့
ဆက်ရက်လည်းပျော် ငှက်စုံနော်
နွှဲပျော်သံသာ မချို့သည်နှင့်လေး။

- တပို့တွဲလ ဟေမန်ခါ ယွန်းလုနွေဆန်းတော့သည်။
မချို့စွဲလှ မသွေမှန်စွာ ထမနဲပွဲလှမ်းတော့သည်။။

**ပြေအေးသက်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ရုရှားနယ်မြေများ အမြောက်ဖြင့်အပစ်ခံရမှုကို ဖြေရှင်းရန် သမ္မတပူတင်က စစ်ဘက်ကို တိုက်တွန်း

**မော်စကို ဖေဖော်ဝါရီ ၂**

ယူကရိန်းနယ်မြေများဘက်မှ ရုရှားနယ်မြေဘက်သို့ အမြောက်များဖြင့်ပစ်ခတ်နေမှုကို ရုရှားစစ်ဘက်က တားဆီးပေးရမည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ယူကရိန်းနှင့်နယ်မြေများထိစပ်နေသည့် ရုရှားအနောက်တောင်ဒေသမှ ပျက်စီးသွားသော လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရအဖွဲ့ဆွေးနွေးပွဲတွင် သမ္မတပူတင်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းနယ်မြေများဘက်မှ အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် ရုရှားအနောက်တောင်ဒေသ၌ လူအများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မိမိတို့၏ဦးစားပေးတာဝန်မှာ ယူကရိန်းနယ်မြေများဘက်မှ အမြောက်များဖြင့် ပစ်ခတ်ခြင်းကို အမြစ်ပြတ်အဆုံးသတ်ပေးရေးဖြစ်ကြောင်း၊ ၎င်းတာဝန်မှာ ရုရှားစစ်ဘက်၏ လုပ်ငန်းတာဝန်ဖြစ်ကြောင်း သမ္မတပူတင်က ဆက်လက်ပြောကြားခဲ့သည်။

သို့သော် ယူကရိန်းနယ်စပ်အနီး ရုရှားနယ်မြေများ တိုက်ခိုက်ခံရမှုအတွက် တာဝန်ရှိကြောင်း ယူကရိန်းနိုင်ငံက တရားဝင်အတည်ပြုကြေညာထားခြင်း မရှိခဲ့ကြောင်း သိရသည်။

သမ္မတပူတင်၏ အဆိုအရ ယူကရိန်းနိုင်ငံသည် ရုရှားနယ်စပ်ဒေသများဖြစ်သည့် ဘယ်လ်ဂိုရောဒ်၊ ဘရိုင်ယန့်ခ်၊ ကာ့ခ်နှင့် ကရိုင်းမီးယားကျွန်းဆွယ်ဒေသများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

KKO

## ဂါဇာပစ်မှတ်များကို အစ္စရေးစစ်ဘက်တိုက်ခိုက်



**ဂျေရုဆလင် ဖေဖော်ဝါရီ ၂**

ဒုံးကျည်ပစ်ခတ် တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းပစ်မှတ်များကို ယနေ့တွင် လေကြောင်းထိုးစစ်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ လျှော့ချကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဇန်နဝါရီ ၃၁ ရက်တွင် တိုက်တွန်းခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အစ္စရေးနှင့် ဂါဇာအခြေစိုက် ပါလက်စတိုင်းအုပ်စုများအကြား အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယနေ့ လေကြောင်းထိုးစစ်အတွင်း ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသည့် ဟားမက်စ်အုပ်စု၏ ဒုံးကျည်နှင့် လက်နက်ထုတ်လုပ်ရေးအလုပ်ရုံများကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာအခြေစိုက် ပါလက်စတိုင်းအုပ်စုများက ဖေဖော်ဝါရီ ၁ ရက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အစ္စရေးစစ်ဘက်ကလည်း ဂါဇာကမ်းမြောင်ဒေသကို လေကြောင်း ထိုးစစ်ဖြင့် တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဂျေရုဆလင်မြို့တော် ဆင်ခြေဖုံးရှိ ဂျူးဘုရားကျောင်းတစ်ခုအနီး ပါလက်စတိုင်း သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူခုနစ်ဦး သေဆုံးခဲ့ရပြီးနောက် အစ္စရေးနှင့်ပါလက်စတိုင်းတို့ကြား အခြေအနေတင်းမာလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ငါးဒေါ်လာတန်ငွေစက္ကူတွင် ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ်-၂ ၏ ရုပ်ပုံထည့်သွင်းမှုကို သြစတြေးလျရုပ်ဆိုင်းမည်



**ဆစ်ဒနီ ဖေဖော်ဝါရီ ၂**

သြစတြေးလျ ငါးဒေါ်လာတန် ငွေစက္ကူများတွင် ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ်-၂ ၏ ရုပ်ပုံများထည့်သွင်းရိုက်နှိပ်မှုကို အဆုံးသတ်ရန် သြစတြေးလျနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သြစတြေးလျ ငါးဒေါ်လာတန် ငွေစက္ကူများ၌ ဗြိတိန်ဘုရင်မကြီး၏ ရုပ်ပုံနေရာတွင်သြစတြေးလျ ဌာနေတိုင်းရင်းသားယဉ်ကျေးမှုကို ဖော်ညွှန်းမည့် ရုပ်ပုံဒီဇိုင်းအစားထိုးထည့်သွင်းမည်ဖြစ်ကြောင်း သြစတြေးလျဗဟိုဘဏ်ကြေညာချက်၌ ဖော်ပြထားသည်။

သြစတြေးလျ ငါးဒေါ်လာတန် ငွေစက္ကူများ၌ ဗြိတိန်ဘုရင်မကြီး၏ ရုပ်ပုံထည့်သွင်းမှု ရပ်ဆိုင်းရေးဆုံးဖြတ်ချက်ကို ဖက်ဒရယ်အစိုးရ၏ ထောက်ခံမှုရရှိခဲ့ပြီးနောက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သြစတြေးလျဗဟိုဘဏ်ကြေညာချက်၏ အဆိုအရ သိရသည်။

သြစတြေးလျ ဗဟိုဘဏ်က ထုတ်ဝေမည့် ငါးဒေါ်လာတန် ငွေစက္ကူများ၏ မျက်နှာစာတစ်ဖက်ဖက်တွင် သြစတြေးလျလွှတ်တော်ရုပ်ပုံနှင့် အခြားမျက်နှာစာတစ်ဖက်တွင် ဌာနေတိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားပြုရုပ်ပုံ ထည့်သွင်းထားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဗြိတိန်ဘုရင်မကြီး ကွယ်လွန်ခဲ့ပြီးနောက် ဗြိတိန်ဘုရင်များအား သြစတြေးလျ၏ နိုင်ငံတော်အကြီးအကဲအဖြစ် ဆက်သတ်မှတ်ရန် သင့်၊ မသင့်ကို သြစတြေးလျ ခေါင်းဆောင်များ အချေအတင်ဆွေးနွေးခဲ့ဖူးသည်။

ဗြိတိန်ဘုရင်မကြီးကွယ်လွန်ခဲ့ပြီးနောက် ဗြိတိန်ထီးနန်းကို ဆက်ခံခဲ့သော ချားလ်ဘုရင်-၃ သည် လက်ရှိတွင် သြစတြေးလျအပါအဝင် ဓနသဟာရနိုင်ငံ ၁၄ နိုင်ငံ၏ နိုင်ငံတော်အကြီးအကဲဖြစ်ကြောင်း သိရသည်။ KKO

## အယ်လ်ဆာဗေဒိုးနိုင်ငံက ရာဇဝတ်ဂိုဏ်းများ နှိမ်နင်းနေမှုကြောင့် အကျဉ်းသား ၄၀၀၀၀ ထိ ထိန်းသိမ်းနိုင်သော အကျဉ်းထောင်သစ်ဖွင့်လှစ်

**ဆန်ဆာဗေဒိုး ဖေဖော်ဝါရီ ၂**

လက်တင်အမေရိကဒေသ၏ အကြီးမားဆုံး အကျဉ်းထောင်များထဲ၌ တစ်ခုအပါအဝင်ဖြစ်သည့် အကျဉ်းထောင်အသစ်ကို အယ်လ်ဆာဗေဒိုးအစိုးရက ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါ အကျဉ်းထောင်သစ်ကြောင့် အယ်လ်ဆာဗေဒိုးအကျဉ်းထောင်စနစ်၏ အကျဉ်းသားလက်ခံထိန်းသိမ်းနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အယ်လ်ဆာဗေဒိုးတာဝန်ရှိသူများက ပြောကြားထားသည်။

အယ်လ်ဆာဗေဒိုး အစိုးရက ရာဇဝတ်ဂိုဏ်းများကို နှိမ်နင်းနေမှုကြောင့် အကျဉ်းကျတရားခံအရေအတွက် မြင့်တက်လာချိန်တွင် အကျဉ်းထောင်သစ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသား ၄၀၀၀၀ ထိ လက်ခံ ထိန်းသိမ်းပေးနိုင်သော အဆိုပါအကျဉ်းထောင်သစ်၏လုံခြုံရေးအတွက် အယ်လ်ဆာဗေဒိုး တပ်ဖွဲ့ဝင် ဦးရေ ၆၀၀ နှင့် ရဲတပ်ဖွဲ့ဝင်ဦးရေ ၂၅၀ တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ပြီးခဲ့သည့် မတ်လမှစ၍ ယနေ့ထိ အယ်လ်ဆာဗေဒိုးစစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့သည် ရာဇဝတ်ဂိုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်အရ ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူနှင့် ပူးပေါင်းကြံစည်သူဦးရေ ၆၂၀၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

အယ်လ်ဆာဗေဒိုး နိုင်ငံသည် ကမ္ဘာပေါ်၌ တရားခံအကျဉ်းချမှုနှုန်းအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံ၏ အရွယ်ရောက်လူဦးရေ ၂ ရာခိုင်နှုန်းမှာ အကျဉ်းထောင်များအတွင်းရှိနေကြကြောင်း သိရသည်။

KKO

## ကိုင်ရိုမြို့တွင် ဆေးရုံမီးလောင်မှုဖြစ်ပွား သုံးဦးသေဆုံး၍ ၃၂ ဦးဒဏ်ရာရရှိ

**ကိုင်ရို ဖေဖော်ဝါရီ ၂**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဆေးရုံတစ်ရုံတွင် ဖေဖော်ဝါရီ ၁ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး သုံးဦးသေဆုံး၍ ၃၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် ကိုင်ရိုမြို့အရှေ့ပိုင်းတွင် တည်ရှိသည့် နိုအာမိုဟမ်မာဒီအမည်ရှိ ဆေးရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံ၏ ရေဒီယိုဓာတ်ရောင်ခြည်ဌာနမှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှုအတွင်း ဒဏ်ရာရခဲ့သူများမှာ မီးလောင်ဒဏ်ရာရရှိသူများအပြင် အရိုးကျိုးအက်ခဲ့သူများနှင့် မီးခိုးမွန်ခဲ့သူများဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားထားသည်။

မီးဘေးလုံခြုံရေးစည်းမျဉ်းများ လိုက်နာမှုအားနည်းသော အီဂျစ်နိုင်ငံ၌ မီးလောင်မှုများကြောင့် လူသေဆုံးမှုများ မကြာခဏဖြစ်ပွားတတ်သည်။




၂၀၂၀ ပြည့်နှစ်ကလည်း ကိုင်ရိုမြို့အတွင်းရှိ ပုဂ္ဂလိက ဆေးရုံတစ်ရုံ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကိုဗစ်-၁၉ ရောဂါလူနာ ခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၌ တပ်ဆင်ထားသော NIRISS ကင်မရာစနစ်က မြေပြင်စခန်းနှင့်ပြန်လည်ချိတ်ဆက်နိုင်ပြီဖြစ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၌ တပ်ဆင်ထားသော NIRISS ကင်မရာစနစ်သည် မြေပြင်စခန်းနှင့် ပြန်လည်ချိတ်ဆက်နိုင်ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁ ရက်က ရေးသားတင်ပြထားသည်။

NIRISS ကင်မရာစနစ် ပုံမှန်အခြေအနေ ပြန်ရောက်လာမှုကြောင့် ဇန်နဝါရီ ၃၀ ရက်မှစ၍ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးစနစ်အားလုံး စုံစုံညီညီပြန်လည်ပတ်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ NIRISS ကင်မရာစနစ်သည် ဇန်နဝါရီ ၁၅ ရက်မှစ၍ မြေပြင်စခန်းနှင့် အချိတ်အဆက် ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

သို့ရာတွင် နာဆာကျွမ်းကျင်သူများ၏ ကြိုးပမ်းမှုကြောင့် ဇန်နဝါရီ ၂၇ ရက်တွင် အဆိုပါကင်မရာစနစ်နှင့် ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်တွင် ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်အနေဖြင့် အာကာသစူးစမ်းလေ့လာရေး လုပ်ငန်းများကို အပြည့်အဝ ပြန်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

NIRISS ကင်မရာစနစ်သည် ဂျိမ်းစ်ဝက်ဘ်မစ်ရှင်အတွက် ကနေဒါအာကာသ အေဂျင်စီက တည်ဆောက်ပေးထားသည့် ကင်မရာစနစ်ဖြစ်ပြီး အဆိုပါကင်မရာစနစ်သည် သေးငယ်သော နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာအလင်းရောင်များကို ထောက်လှမ်းပေးနိုင်ကြောင်း သိရသည်။ KKO

## ဂျူနိုအာကာသယာဉ်၏ အဓိကကင်မရာစနစ်တစ်ခုက ဓာတ်ပုံရိုက်ကူးရာ၌ သတ်မှတ်ထားသည့်အရေအတွက်၏ ငါးပုံတစ်ပုံခန့်သာ ရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ၄၈ ကြိမ်မြောက်အဖြစ် ကြာသပတေးဂြိုဟ်ကို အနီးကပ်ဖြတ်သန်းစဉ် ၎င်းအာကာသယာဉ်၏ အဓိကကင်မရာစနစ်တစ်ခုသည် ဓာတ်ပုံများရိုက်ကူးရာ၌ သတ်မှတ်ထားသည့်အရေအတွက်၏ ငါးပုံတစ်ပုံခန့်သာ ရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁ ရက်က ရေးသားတင်ပြထားသည်။

ဂျူနို အာကာသယာဉ်သည် ဇန်နဝါရီ ၂၂ ရက်က ကြာသပတေးဂြိုဟ်ကို ၄၈ ကြိမ်မြောက်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သည်။

သို့ရာတွင် အဆိုပါမစ်ရှင်အတွင်း ဂျူနိုအာကာသယာဉ်၌ တပ်ဆင်ထားသည့် Junocam အမည်ရှိ ကင်မရာစနစ်မှာ ဓာတ်ပုံများကို သတ်မှတ်အရေအတွက်အတိုင်း ရိုက်ယူရန်ရုန်းကန်ခဲ့ရကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။



Junocam ကင်မရာစနစ်ပြဿနာကြောင့် နာဆာအဖွဲ့မှာ ဓာတ်ပုံပေါင်း ၂၁၄ ပုံ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

Junocam ကင်မရာစနစ်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည့် ၄၇ ကြိမ်မြောက် အနီးကပ် ဖြတ်သန်းမှုတွင်လည်း ပြဿနာများရှိခဲ့ရာ နာဆာအဖွဲ့အနေဖြင့် ဓာတ်ပုံလေးပုံ ဆုံးရှုံးခဲ့ရဖူးကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် လာမည့် မတ်လ ၁ ရက်တွင် ၄၉ကြိမ်မြောက်အဖြစ် ကြာသပတေးဂြိုဟ်ကို အနီးကပ်ထပ်မံ ဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။ KKO

## အခြားနေစနစ်တစ်ခုမှ ရောက်လာဖွယ်ရှိသော ရေခဲမကြယ်တံခွန်ကြီးတစ်စင်းက နေရှိရာဘက်သို့ ဦးတည်ပျံသန်းနေ

**ပဲရစ် ဖေဖော်ဝါရီ ၂**

အခြားနေအဖွဲ့အစည်းတစ်ခုမှ ရောက်လာဖွယ်ရှိသော ရေခဲမကြယ်တံခွန်ကြီးတစ်စင်းသည် နေရှိရာဘက်သို့ ဦးတည်ပျံသန်းနေကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁ ရက်က ရေးသားတင်ပြထားသည်။

အချင်း ၃ ဒသမ ၇ မိုင်ရှိသည့် အဆိုပါ ကြယ်တာရာဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်ကို ၁၉၈၆ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် 96 P Machholz-1 ဟူ၍ အမည်ပေးထားသော အဆိုပါ ကြယ်တံခွန်သည် ယနေ့မှစရေတွက်ပါက လာမည့် ငါးနှစ်ကျော်အကြာတွင် နေနှင့် အနီးဆုံးမှတ်သို့ ရောက်ရှိမည်ဖြစ်ပြီး ဗုဒ္ဓဟူးဂြိုဟ်နေပတ်လမ်းကို ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်တံခွန်သည် ရေခဲမဂြိုဟ်တစ်စင်း၏ ဒြပ်ဆွဲအားကြောင့် အခြားနေစနစ်တစ်ခုမှ တွန်းထုတ်ခံခဲ့ရသော ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထုဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အဆိုပါ ကြယ်တံခွန်၏ ဓာတုဖွဲ့စည်းပုံမှာ နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်များကဲ့သို့ မဟုတ်ဘဲ ကာဗွန်ပါဝင်မှုနည်းပါးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ၎င်းကြယ်တံခွန်ကို ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များကစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ KKO

# HEALTH

## အိပ်ဆေးများသုံးစွဲမှုကြောင့် သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေမြင့်မားလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂**

အိပ်ဆေးများ သုံးစွဲမှုကြောင့် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၇၄ နှစ်ရှိသော သက်ကြီးပိုင်း ၃၀၀၀ ကျော်တို့ကို ကိုးနှစ်ကြာအချိန်ယူ လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ Ambien ကဲ့သို့ ညွှန်ကြားချက်အရသောက်ရသည့် အိပ်ဆေးများကို အမြဲလိုလို သုံးစွဲနေရသူများ သို့မဟုတ် မကြာခဏသုံးစွဲနေရသူများသည် အိပ်ဆေးမသုံးသူများထက် Dementia ဖြစ်နိုင်ခြေ ၈၀ ရာခိုင်နှုန်းထိပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အချို့သောအိပ်ဆေးများသည် Dementia ဖြစ်နိုင်ခြေ မြင့်မားမှုနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အိပ်ဆေးသုံးစွဲမှုကြောင့် Dementia ဖြစ်နိုင်ခြေသည် လူမည်းများတွင်ထက် လူဖြူများ၌ ပို၍မြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အခြားဘဝနေထိုင်မှုပုံစံနှင့် လူမှုစီးပွားဘဝ နောက်ခံအကြောင်းတရားများသည်လည်း အိပ်ဆေးသုံးသော သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေ မြင့်မားမှုတွင် ပါဝင်ပတ်သက်နေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## အိပ်စက်စဉ် အသက်ရှူလမ်းကြောင်းပိတ်တတ်သူများ၌ အရိုးနှင့်သွားများ အားနည်းချည့်နဲ့လာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂**

အိပ်စက်စဉ် အသက်ရှူလမ်းကြောင်းပိတ်မှုပြဿနာရှိနေသူများ၌ အရိုးနှင့်သွားများအားနည်းချည့်နဲ့လာနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဘတ်ဖလိုးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အိပ်စက်စဉ်အသက်ရှူလမ်းကြောင်းပိတ်မှု ပြဿနာနှင့် အရိုးကျန်းမာရေးတို့ကြား ဆက်စပ်မှုရှိမရှိ ဖော်ထုတ်ရန်အရွယ်ရောက်သူ ၃၈ ဦးတို့၏ ဦးခေါင်းနှင့်လည်ပင်းရိုး အရိုးသိပ်သည်းဆများကို တိုင်းတာလေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အိပ်စက်စဉ် အသက်ရှူလမ်းကြောင်းပိတ်ဆို့မှုပြဿနာရှိသူများသည် မရှိသူများထက် အရိုးတွင်းတွင်းထွက်ဓာတ် သိပ်သည်းဆပိုမိုနိမ့်ပါးနေသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အိပ်စက်စဉ် အသက်ရှူလမ်းကြောင်း ပိတ်ဆို့မှုကြောင့် လူ့ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင်နည်းပါးလာပြီး နောက်ဆက်တွဲအဖြစ် ရောင်ရမ်းမှုများ၊ အောက်ဆီဂျင်အုပ်စု အချိုးမညီမှုပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

အထက်ပါ ပြဿနာအားလုံးသည် အရိုးသိပ်သည်းဆအပေါ် ဆိုးကျိုး သက်ရောက်မှုရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အရိုးတွင်း တွင်းထွက်ဓာတ်သိပ်သည်းဆနည်းပါးမှုသည် အရိုးပွရောဂါ၏ ရှေ့ပြေးလက္ခဏာဖြစ်ပြီး ၎င်းပြဿနာကြောင့် အရိုးများကျိုးအက်နိုင်ခြေနှင့်သွားများဆုံးရှုံးရနိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

ML

**အဲဗာတန် Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (ည ၀၇:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၀ - ၂ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အာဆင်နယ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေတဲ့ အဲဗာတန်အသင်းဟာ အခု အပြောင်းအရွှေ့မှာလဲ ဝေါ်ဒွန်ကို ထုတ်ရောင်းလိုက်ပြီး ကစားသမား ထပ်မံခေါ်ယူနိုင်ခဲ့ခြင်းမရှိပါဘူး။ အာဆင်နယ်အသင်းကတော့ အဝေးကွင်း ဖြစ်ပေမဲ့ကစားသမားစုဖွဲ့မှုနဲ့အသင်းလိုက်ကစားအားမှာ အဲဗာတန် ထက်သာလွန်နေတာကြောင့် အဲဗာတန်ခံစစ်အနေနဲ့ ပွဲချိန်ပြည့်တားဆီး ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အာဆင်နယ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အဲဗာတန် ၁ - ၂ အာဆင်နယ်**

**ချဲလ်ဆီး Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၂ - ၁ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| ဖူလ်ဟမ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(သရေ) |

ချဲလ်ဆီးအသင်းဟာ ပထမအကျော့မှာ ဖူလ်ဟမ်ကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမဲ့ လက်ရှိမှာ ကစားသမားသစ်ဖြည့်တင်းမှုတွေ ပြုလုပ်နိုင်ခဲ့ လို့ တိုက်စစ်မြင့်ပြီး နိုင်ပွဲရှာဖွေလာမှာသေချာပါတယ်။ ဖူလ်ဟမ်အသင်း ကတော့ ကစားကွက်ပိုင်းကောင်းပေမဲ့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက် ကြောင့် ချဲလ်ဆီးအသင်းရဲ့ တိုက်စစ်ကို ပေးဂိုးမများဖို့သာ အာရုံစိုက်ရ မှာပါ။ ဒါကြောင့် မဖြစ်မနေနိုင်ပွဲရှာမဲ့ အိမ်ရှင်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၃ - ၁ ဖူလ်ဟမ်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

ML

**ရိုးမား Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၁ - ၂ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| အမ်ပိုလီ | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

အိမ်ကွင်းကစားပုံကောင်းတဲ့ ရိုးမားဟာ ပြီးခဲ့တဲ့ပြိုင်ပွဲစုံ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ဖိအားအောက်ရောက်နေတာကြောင့် အခုအိမ်ကွင်း ပွဲစဉ်ကိုအနိုင်ရဖို့ ရေကုန်ရေခမ်းကြိုးပမ်းလာမှာပါ။ အမ်ပိုလီအသင်း ကတော့ အဝေးကွင်းသုံးပွဲဆက်ရှုံးပွဲမရှိသေးပေမဲ့ ရိုးမားနဲ့ထိပ်တိုက်တွေ့ ဆုံမှုမှာ အသာရခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ဖိအားအောက်က ရုန်းထွက်မဲ့ ရိုးမားကိုပဲ ဆက်လက်အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၁ - ၀ အမ်ပိုလီ**

## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားသည့် ကန်ဆယ်လို နေရာတွင် အစားထိုးရန်အတွက် ဘန်ချီဝဲလ်ကိုခေါ်ယူရန် မန်စီးတီးအသင်း ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် ဘက်တစ်အသင်းနှင့် ပွဲကျပ် ကစားခဲ့ရသော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ခဲ့သောကြောင့် လာလီဂါအမှတ်ပေးဇယားဒုတိယနေရာမှ ရီးရဲလ်မက်ဒရစ် အသင်းကို ရှစ်မှတ်ဖြတ်တောက်နိုင်ခဲ့ကြောင်း သိရသည်။ML

## ကွာရာဘောင်းဖလားဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် မန်ယူအသင်း ငါးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့



**လန်ဒန် ဖေဖော်ဝါရီ ၂**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ကွာရာဘောင်းဖလား ဒုတိယ အကျော့ပွဲစဉ်တွင် မန်ယူအသင်းက အိမ်ကွင်းတွင် နော်တင်ဟမ်အသင်း ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့က နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးပြတ် ဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လု ပွဲသို့ တက်ရောက်ခဲ့ပြီး ငါးနှစ် အတွင်း ဖလားပြိုင်ပွဲများတွင် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲ သို့တက်ရောက်နိုင်ခဲ့ကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြ ခဲ့သည်။

မန်ယူအသင်းသည် ကလပ် အသင်းသမိုင်းတွင် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက ကွာရာဘောင်း ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆောက်သမ်တန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ယူရို ပါလီဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အေဂျက်အသင်းကို နှစ်ဂိုး ဂိုးမရှိ ဖြင့်လည်းကောင်း အနိုင်ယူ၍ ဆုဖလားရရှိခဲ့ပြီးနောက်ပိုင်း ဖလား ပြိုင်ပွဲများတွင် ဗိုလ်လုပွဲတက်ရောက် နိုင်ခြင်းမရှိခဲ့ရာ ယခုနှစ်မှသာ ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ ပြန်လည် တက်ရောက် နိုင်ခဲ့သည်။

ကွာရာဘောင်းဖလား ဆီမီး ဖိုင်နယ်အဆင့်တွင် မန်ယူအသင်း သည် ပထမအကျော့တွင် နော်တင် ဟမ်အသင်းကို သုံးဂိုးပြတ်အနိုင် ရထားသဖြင့် ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် ဂိုးပြတ်မရှုံးနိမ့် ပါက နောက်တစ်ဆင့်တက်ရောက် နိုင်မည်ဖြစ်သော်လည်း ပြိုင်ဘက် နော်တင်ဟမ်အသင်းကို ဖိအားပေး ကစားနိုင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ် နိုင်ခဲ့သည့်အပြင် မာရှယ်၊ ဖရက်ဒ် တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် ထပ်မံအနိုင်ခဲ့သဖြင့် နှစ်ကျော့ ပေါင်း ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင် ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းသည် ဆောက်သမ်တန်အသင်းကို အနိုင် ရခဲ့သည့် နယူးကာဆယ်အသင်းနှင့် လာမည့် ဖေဖော်ဝါရီ၂၆ ရက်တွင် အင်္ဂလန်နိုင်ငံ ဝင်ဘာလေကွင်း၌ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။ ML

## ဘိုင်ယန်မြူးနစ်အသင်းနှင့်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး အမ်ဘက်ပီလွဲချော်ဖွယ်ရှိ

**ပဲရစ် ဖေဖော်ဝါရီ ၂**

ပီအက်စ်ဂျီအသင်း အဓိက တိုက်စစ်မှူး အမ်ဘက်ပီသည် ယနေ့ နံနက်ပိုင်းက မောင့်ပယ် လီယာအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံး ထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစား မည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပွဲစဉ်ကို လွဲချော်ရဖွယ်ရှိကြောင်း L'Equipe သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

ပြင်သစ်လီဂူးပွဲစဉ် (၂၁)အဖြစ် ပီအက်စ်ဂျီအသင်းက မောင့်ပယ်လီ ယာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အမ်ဘက်ပီ သည် ပွဲချိန်၂၁မိနစ်တွင် တံကောက် ကြောဒဏ်ရာရရှိခဲ့ရာ ဆက်လက် ကစားနိုင်ခြင်း မရှိတော့သဖြင့် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း နည်းပြ ဂယ်တီယာက "အမ်ဘက်ပီရဲ့ ဒဏ်ရာက စိုးရိမ်စရာတော့မရှိပါ ဘူး။ အသေးစားဒဏ်ရာလို့တော့ အသင်းဆေးအဖွဲ့က အကြောင်း ကြားထားပါတယ်။ ဒဏ်ရာအခြေ အနေကိုတော့ ဆက်လက်စစ်ဆေး ပြီး စောင့်ကြည့်သွားရမှာပါ။ အမြန်ဆုံးပြန်လည်သက်သာလာဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြား ခဲ့သည်။



လက်ရှိတွင် အမ်ဘက်ပီ၏ တံကောက်ကြောဒဏ်ရာနှင့် ပတ် သက်၍ အသေးစိတ်သိရှိရခြင်းမရှိ သေးဘဲ ဆေးစစ်မှုများဆက်လက်ပြု လုပ်သွားရမည်ဖြစ်ကာ ဒဏ်ရာ ပြင်းထန်ပါက ကာလအတန်ကြာ အနားယူရမည် ဖြစ်သည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစား မည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ် ကို လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။

STA

## ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာပြီးနောက် ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁) နေရာကို ပြန်လည်ရယူရန် အယ်ကာရက်ဇ် ပြင်ဆင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂**

သြစတြေးလျနိုင်ငံတွင် ကျင်းပ ခဲ့သည့် ၂၀၂၃ ခုနှစ် သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံ ဆုကို ဆွတ်ခူးခဲ့သည့် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်ထံ မှ ကမ္ဘာ့အဆင့် (၁) နေရာကို ပြန်လည်ရယူရန် ပြင်ဆင်သွားမည် ဖြစ်ကြောင်း ဒဏ်ရာမှပြန်လည် သက်သာလာသည့် အယ်ကာ ရက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

ယခုအခါ ကမ္ဘာ့အဆင့် (၂) နေရာမှ အယ်ကာရက်ဇ်အနေဖြင့် ဒဏ်ရာပြဿနာမှ ပြန်လည်သက် သာလာခဲ့ပြီးနောက် ပြိုင်ပွဲဝင်ရန် ပြင်ဆင်လျက်ရှိပြီး ကမ္ဘာ့အဆင့်(၁) နေရာပြန်လည်ရယူနိုင်ရန် ကြိုးစား မည်ဟု ပြောကြားခဲ့ကြောင်း Ex-press သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်က "ဒဏ်ရာ ပြဿနာကနေ ပြန်လည်သက်သာ လာပြီဖြစ်တဲ့အတွက် ပြိုင်ပွဲအတွင်း အမြန်ဆုံး ဝင်ရောက်ယှဉ်ပြိုင်ဖို့ မစောင့်နိုင်အောင် ဖြစ်နေရပါ တယ်။ ကမ္ဘာ့အဆင့် (၁) နေရာကို လည်း ပြန်လည်ရယူချင်ပါတယ်။ မလွယ်ကူမှန်းသိပေမဲ့ ကျွန်တော့် အနေနဲ့ ဒီစိန်ခေါ်မှုကို ရင်ဆိုင်ဖို့ အတွက် အကောင်းဆုံးပြင်ဆင်သွား မှာပါ။ ကျွန်တော့်ရဲ့ ရည်မှန်းချက် တွေကို အမြန်ဆုံးအကောင်အထည် ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်ပါ တယ်" ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် အာဂျင် တီးနားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ကျင်းပမည့် အာဂျင်တီးနား အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပစ်မှတ် ထားနေပြီး မကြာမီ စပိန်နိုင်ငံမှ အာဂျင်တီးနားနိုင်ငံသို့ ထွက်ခွာ မည်ဖြစ်ကြောင်း သိရသည်။

AZL

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ဘားအံ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အသက် ၂၆ နှစ်အောက် မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိဖူဆယ် အားကစားရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ဖူဆယ် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူခဲ့ပြီးနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုပြီးနောက် ကွင်းအတွင်းမှ ထွက်ခွာခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် သံတောင်ကြီးမြို့နယ်အသင်းနှင့် ကော့ကရိတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သံတောင်ကြီးမြို့နယ်အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အသက် ၂၆ နှစ်အောက် မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၇ ရက်ထိ ဘားအံမြို့နယ် ဖူဆယ်အားကစားရုံတွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာက ဘီလာရုစ်နှင့် ရုရှားအားကစားသမားများကို အိုလံပစ်အားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ပေးရန် တောင်းဆို

**ကီယက်ဗ် ဖေဖော်ဝါရီ ၂**

ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာသည် ဘီလာရုစ်နှင့် ရုရှား အားကစားသမားများကို ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရန် အပြည်ပြည်ဆိုင်ရာ အိုလံပစ် အားကစားကော်မတီထံ တောင်းဆိုလိုက်ကြောင်း T Infinity သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ယူကရိန်းအားကစားဝန်ကြီးကလည်း ၂၀၂၄ ခုနှစ် အိုလံပစ် အားကစားပွဲတော်တွင် ဘီလာရုစ်နှင့်ရုရှားနိုင်ငံမှ အားကစားသမားများကို အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ပေးရန် တရားဝင်စာတင် တောင်းဆိုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

စဗစ်တိုလီနာက "အိုလံပစ် အားကစားပွဲတော်ဆိုတာ အားကစားသမားတိုင်းရဲ့ အိပ်မက်ဖြစ်သလို အားကစားသမားတိုင်းရဲ့မျှော်လင့်ချက်လဲဖြစ်ပါတယ်။ အိုလံပစ် အားကစားပွဲတော်ရဲ့ အခြေခံအုတ်မြစ်ဟာ အားကစားလောကအတွက် အကြီးမားဆုံးနဲ့အခမ်းနားဆုံးဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးရဲ့ အာရုံကိုလဲ ဖမ်းစားနိုင်တဲ့ အားကစားပွဲတော်ကြီးလဲ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲမျိုးမှာ ဘီလာရုစ်နဲ့ ရုရှားနိုင်ငံက အားကစားသမားတွေကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုသင့်ပါဘူး။ ယူကရိန်းအရေးနဲ့ပတ်သက်ပြီး လျစ်လျူရှုမထားသင့်ပါဘူး" ဟု အပြည်ပြည်ဆိုင်ရာ အိုလံပစ်အားကစားကော်မတီကို ရည်ညွှန်း၍ ပြောကြားခဲ့သည်။

ထို့ပြင် လတ်ဗီးယားအိုလံပစ် အားကစား ကော်မတီကလည်း ဘီလာရုစ်နှင့် ရုရှားအားကစားသမားများကို ၂၀၂၄ ခုနှစ် အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရေးအတွက်လည်း တောင်းဆိုထားပြီး ၎င်းတို့၏ နိုင်ငံတော်အလံအား ရုရှားနိုင်ငံနှင့် ဘီလာရုစ်နိုင်ငံတော်အလံများဖြင့် ယှဉ်တွဲနေခြင်းကို မလိုလားကြောင်း ထုတ်ပြန်ခဲ့သည်။

အလားတူ အခြားနိုင်ငံများကပါ လတ်ဗီးယားနိုင်ငံကဲ့သို့ တောင်းဆိုမှုများပြုလုပ်လာပါက အပြည်ပြည်ဆိုင်ရာ အိုလံပစ်အားကစားကော်မတီအတွက် ဖိအားဝင်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

AZL

# ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုသည့်လိဂ်အဖြစ် ပရီးမီးယားလိဂ်မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၂**

ယခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလ ဥရောပထိပ်သီးလိဂ်ငါးခုတွင် ပြောင်းရွှေ့ကြေး အများဆုံး အသုံးပြုခဲ့သည့် လိဂ်ပြိုင်ပွဲမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲဖြစ်ပြီး ကစားသမားသစ်ခေါ်ယူမှုများတွင် စတာလင်ပေါင် ၈၁၅ သန်းထိ အသုံးပြုခဲ့သောကြောင့် သမိုင်းတစ်လျှောက်ဆောင်းရာသီအပြောင်းအရွှေ့တွင် ငွေကြေးအများဆုံး အသုံးပြုခဲ့သည်ဟု Deloitte's Sport Business Group က ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် ကလပ်အသင်းများသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီကလည်း ကစားသမားခေါ်ယူမှုများတွင် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁ ဒသမ ၉ ဘီလီယံထိ အများဆုံးအသုံးပြုခဲ့သည့် မှတ်တမ်းရှိခဲ့သော်လည်း ယခုအပြောင်းအရွှေ့ကာလတွင် စတာလင်ပေါင် ၈၁၅ သန်းထိ ထပ်မံသုံးစွဲခဲ့သဖြင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် စတာလင်ပေါင် ၂ ဒသမ ၈ ဘီလီယံထိ သုံးစွဲခဲ့ကြောင်း Deloitte's Sport Business Group က ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ကစားသမားသစ်ခေါ်ယူရာတွင် သုံးစွဲခဲ့သည့် ငွေကြေးမှာ ၂၀၂၂ ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် သုံးစွဲခဲ့သည့် ပြောင်းရွှေ့ကြေးထက် သုံးဆပိုများခဲ့ပြီး ဇန်နဝါရီအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုများတွင် ငွေကြေးအများဆုံး အသုံးပြုခဲ့သည့် ကာလတစ်ခုဖြစ်ခဲ့သည်။




လက်ရှိအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းမှာ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၉၂ ဒသမ ၇၄ သန်းထိ အသုံးပြုခဲ့ရာ ပရီးမီးယားလိဂ်ကလပ် အသင်းအားလုံးပေါင်း၏ ၃၇ ရာခိုင်နှုန်းထိ ရှိခဲ့သောကြောင့် ဘွန်ဒက်လီဂါ၊ လာလီဂါ၊ စီးရီးအေ၊ ပြင်သစ်လီဂူး ပြိုင်ပွဲတို့ထက် ကစားသမားခေါ်ယူမှုတွင် ငွေကြေးသုံးစွဲခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ML

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်များ

STA

**ဒေါ့မွန် Vs ဖရိုင်းဘတ်**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၁ - ၃ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဖရိုင်းဘတ် | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |

နှစ်သင်းစလုံးအတွက် ဥရောပဝင်ခွင့်ရရှိဖို့ ရမှတ်လိုအပ်နေတယ်ဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းအရ ဒေါ့မွန်အသင်းကအသာစီးမှာရှိနေသလို ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ ၁၈ ကြိမ်နိုင်ပြီး ဖရိုင်းဘတ်အသင်းကတော့ နှစ်ကြိမ်သာအနိုင်ရရှိခဲ့ပါတယ်။ ဒါကြောင့် အခုပွဲမှာလဲ ဒေါ့မွန်အသင်းကပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၂ - ၁ ဖရိုင်းဘတ်**

**ကိုလုံး Vs လိုက်ပ်ဇစ်**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၂ - ၂ ကိုလုံး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(သရေ) |
| လိုက်ပ်ဇစ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ကိုလုံးအသင်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတဲ့ အသင်းတစ်သင်းဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းက မတည်မငြိမ်ဖြစ်နေပါတယ်။ သုံးပွဲဆက်နိုင်ပွဲရရှိထားတဲ့ လိုက်ပ်ဇစ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေပြီး တိုက်စစ်ပိုင်းကလဲ ကောင်းမွန်နေပါတယ်။ ဒါကြောင့် လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ကိုလုံး ၁ - ၂ လိုက်ပ်ဇစ်**

## စပိန်လာလီဂါပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို Vs ဂီတာဖေး**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂီတာဖေး ၀ - ၃ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ဂီတာဖေး | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ငါးပွဲဆက်ရှုံးပွဲကြုံတွေ့ထားတဲ့ ဂီတာဖေးအသင်းရဲ့ ခြေစွမ်းပိုင်းက ဆိုးရွားနေပြီး အေတီကိုအသင်းနဲ့တွေ့ဆုံခဲ့တဲ့ ၂၆ ကြိမ်မှာ တစ်ကြိမ်သာ အနိုင်ရရှိခဲ့ပါတယ်။ အေတီကိုအသင်းရဲ့လက်ရှိခြေစွမ်းပိုင်းအရ ဂီတာဖေးအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အေတီကို ၂ - ၀ ဂီတာဖေး**

## ပြင်သစ်လီဂူးပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်

STA

**ပီအက်စ်ဂျီ Vs တူးလော့**

**ကစားမည့်ရက်/အချိန် ၄-၂-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူးလော့ ၀ - ၃ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| တူးလော့ | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

တူးလော့အသင်းဟာ သုံးပွဲဆက်နိုင်ပွဲရပြီး ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ ပီအက်စ်ဂျီအသင်းအိမ်ကွင်းမှာတော့ ပွဲချိန်ပြည့် တုံ့ပြန်ကစားနိုင်ဖို့ခက်ခဲမှာပါ။ မာဆေးအသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေလို့ အိမ်ကွင်းမှာ အမှတ်ပြည့်ရရှိအောင်ကစားမဲ့ ပီအက်စ်ဂျီအသင်း အနိုင်သေချာပါတယ်။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၃ - ၁ တူးလော့**

# ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲရန် အကျပ်ရိုက်နေသော ဂျပန်နိုင်ငံ

**ဝင်းစင်(သုတေသန)**



ဂျပန်နိုင်ငံ၏ နှစ်ပတ်လည် လွှတ်တော်အစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ လွှတ်တော်အစည်းအဝေး၌ ဥပဒေကြောင်းဆိုင်ရာ ခေါင်းစဉ်များစွာကို ဆွေးနွေးနိုင်ခဲ့သော်လည်း ကီရှီဒါ အစိုးရ၏ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲသွားရေးအဆိုသည် အစည်းအဝေး၌ ဆုံးဖြတ်ရန် အခက်ခဲဆုံးခေါင်းစဉ်ဖြစ်ခဲ့သည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကီရှီဒါအစိုးရသည် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၆၅ ဘီလီယံအတည်ပြုပေးခဲ့သည့်အပြင် လာမည့်ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၃၁၂ ဘီလီယံ ထပ်မံတိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရသည် NATO ၏ကာကွယ်ရေးအသုံးစရိတ် စံနှုန်းအတိုင်း အမီလိုက်နိုင်ရန်အလို့ငှာ နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ ၁ ရာခိုင်နှုန်းမှသည် ၂ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားနိုင်ရန် အဆိုပြုထားရှိသည်။ သို့သော် ကီရှီဒါအစိုးရအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်အတွက် ရန်ပုံငွေကို မည်ကဲ့သို့ တိုးမြှင့်ရှာဖွေသွားမလဲဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

အခွန်ငွေတိုးမြှင့်ရရှိရေး အစီအစဉ်တစ်ခုမှာ အသုံးစရိတ်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်း၊ အမျိုးသားပိုင်ပစ္စည်းများကိုရောင်းချခြင်း၊ အသင်းအဖွဲ့များ၊ လစာဝင်ငွေ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့အပေါ်တွင် အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။ အဆိုပြုချက်အရ အသင်းအဖွဲ့များဆိုင်ရာ အခွန်ငွေနှုန်းထားပြောင်းလဲမှုမရှိသော်လည်း လက်ရှိအခွန်ငွေအပေါ်တွင် ၄ ရာခိုင်နှုန်းမှ ၄ ဒသမ ၅ ရာခိုင်နှုန်းထိ ထပ်ဆောင်းကြေးကောက်ခံသွားမည်ဖြစ်သည်။ အသေးစားနှင့် အလတ်စားကုမ္ပဏီများသည် အသင်းအဖွဲ့များဆိုင်ရာ အခွန်ငွေတိုးမြှင့်ကောက်ခံမှုမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။ ထပ်ဆောင်းကြေးမှာလည်း ကုမ္ပဏီကြီးများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကိုကောက်ခံသည့် ၆ ရာခိုင်နှုန်းအောက်တွင်သာ ရှိမည်ဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ ပြန်လည်တည်ဆောက်ရေးအတွက် အခွန်ငွေကိုလည်း ၁ ရာခိုင်နှုန်းအောက်တွင်သာ ကောက်ခံသွားမည်ဖြစ်သည်။ အခွန်နှုန်းထားသစ် ၁ ရာခိုင်နှုန်းသည် ကာကွယ်ရေးအသုံးစရိတ်အတွက် ခွဲဝေပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးအပေါ် အခွန်ငွေ ၃ ရာခိုင်နှုန်းကောက်ခံခြင်းသည် ယန်းငွေ ၂၀၀ ဘီလီယံခန့် ထပ်မံရရှိမည်ဖြစ်သည်။ သို့သော် အဆိုပြုပြောင်းလဲမှုများသည် အခက်အခဲများစွာရှိနေမည်ဖြစ်သည်။

အသင်းအဖွဲ့ဆိုင်ရာ အခွန်ငွေတိုးမြှင့်ခြင်းသည် ကုမ္ပဏီများကို ကီရှီဒါအစိုးရအဆိုပြုထားသည့် ဝန်ထမ်းလစာငွေ တိုးမြှင့်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ စဉ်းစားသုံးသပ်ရန် ဖိအားပေးလာနိုင်ပေသည်။ ကာကွယ်ရေးဘတ်ဂျက်ကို ပံ့ပိုးနိုင်ရေးအတွက် အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းသည် ဝင်ငွေနည်းပါးသူများ၏ လူနေမှုအဆင့်အတန်းအပေါ် သက်ရောက်မှုရှိလာနိုင်သည်ဆိုသော စိုးရိမ်ပူပန်မှုများလည်း မြင့်တက်လျက်ရှိသည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အခွန်ငွေကို ကာကွယ်ရေးအသုံးစရိတ်အတွက် ပြောင်းလဲအသုံးပြုခြင်းနှင့်စပ်လျဉ်း၍လည်း သဘာဝဘေးအန္တရာယ်သင့်ဒေသများမှ ပြည်သူများသည် စိုးရိမ်ပူပန်မှု မြင့်တက်လျက်ရှိသည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အခွန်ငွေကောက်ခံမှု ထက်ဝက်လျှော့ချသည့်တိုင်အောင် အစိုးရအနေဖြင့် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံသဖြင့် ပံ့ပိုးငွေပမာဏသည် ပြောင်းလဲမှုမရှိအောင် ကြိုးပမ်းသွားရန် လိုအပ်ကြောင်း၊ အခွန်ကောက်ခံမှု ယာယီတိုးမြှင့်ကောက်ခံခြင်းသည် သင့်လျော်မှုမရှိကြောင်းပြန်လည်တည်ဆောက်ရေးဝန်ကြီး အကိဘာကန်ညာက ပြောကြားသွားသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးအပေါ် အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းသည်သာလျှင် ဂျပန်ရှိ အခွန်ထမ်းပြည်သူအားလုံး အသက်ရှုချောင်စေမည်ဖြစ်သည်။ သို့သော် ဆေးလိပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဆေးလိပ်သောက်သုံးသူ လွှတ်တော်အမတ်များ၊ ဆေးလိပ်လုပ်ငန်းများနှင့် နီးစပ်သော လွှတ်တော်အမတ်များကမူ ကန့်ကွက်မှုများ လုပ်ဆောင်လာနိုင်ပေသည်။

အခြေခံအားဖြင့် ဂျပန်ပြည်သူအများစုသည် ကာကွယ်ရေးအသုံးစရိတ်အတွက် အခွန်ငွေတိုးမြှင့်ကောက်ခံမှုကိုကန့်ကွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထုတ် အဆာဟီရှင်ဘွန်းစစ်တမ်းအရ ကာကွယ်ရေးအသုံးစရိတ်အတွက် အခွန်ငွေတိုးမြှင့်ကောက်ခံသွားဖွယ်ရာရှိသည်ဆိုသော ဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် ကီရှီဒါအစိုးရအပေါ် ထောက်ခံမှုသည် ၃၁ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။ အဆိုပါစစ်တမ်းအရ ပြည်သူအများစုသည် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲမှုကိုကန့်ကွက်ကြသော်လည်း အများစုသည် တုံ့ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ ဝယ်ယူရေးအပေါ် ထောက်ခံခဲ့ကြသည်။ ဆိုရလျှင် ဂျပန်အများစုသည် ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန် ထောက်ခံကြသော်လည်း ကာကွယ်ရေးဘတ်ဂျက် တိုးမြှင့်သုံးစွဲရေးအတွက် အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းကိုမူ လက်ခံလိုစိတ်မရှိပေ။

ကီရှီဒါအစိုးရ၏ အခွန်ငွေတိုးမြှင့်ကောက်ခံရေးအပေါ် စီးပွားရေးဆိုင်ရာ လုံခြုံရေးဝန်ကြီးဖြစ်သူ တာကီချီဆာနီကိုယ်တိုင်ကပင်လျှင် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။ လက်ရှိအခြေအနေမျိုးတွင် ကုမ္ပဏီများကို လုပ်ခလစာတိုးမြှင့်ပေးရန်ပြောဆိုသော ဝန်ကြီးချုပ်၏ရည်ရွယ်ချက်ကို နားမလည်နိုင်ကြောင်း၊ ကီရှီဒါအစိုးရအနေဖြင့် ကုမ္ပဏီများကို လုပ်ခလစာတိုးမြှင့်ပေးရန် တိုက်တွန်းနေသော်လည်း အသင်းအဖွဲ့များဆိုင်ရာ အခွန်ငွေမြင့်တက်လာခြင်းသည် ကုမ္ပဏီများအနေဖြင့် လုပ်ခလစာတိုးမြှင့်ပေးနိုင်ရေး အခက်အခဲဖြစ်စေမည်ဖြစ်ကြောင်း တွစ်တာ၌ ရေးသားခဲ့သည်။ တာကီချီဆာနီသည် ဝန်ကြီးချုပ်၏အစီအစဉ်ကို ဆန့်ကျင်သော်လည်း အစိုးရအဖွဲ့မှ နုတ်ထွက်ခြင်း မရှိသေးပေ။

အခွန်တိုးမြှင့်ကောက်ခံမည့် အစီအမံအပေါ် သဘောတူညီချက်မရရှိသည့်အပြင် ပြည်တွင်း၊ပြည်ပမှကန့်ကွက်မှုများရှိနေသောကြောင့် ကီရှီဒါအစိုးရသည် မည်သည့်အချိန်တွင် တိုးမြှင့်ကောက်ခံမည်ကို ဆုံးဖြတ်နိုင်ခြင်းမရှိသေးပေ။ အဆိုပါကိစ္စသည် ကန့်ကွက်မှုများပိုမိုမြင့်တက်လာနိုင်ပြီး လွှတ်တော်အတွင်း၌ပင်လျှင် အချေအတင် ဆွေးနွေးသွားရဖွယ်ရှိနေသည်။

ကီရှီဒါအစိုးရအတွက် အလွယ်ကူဆုံးနည်းလမ်းသည် အစိုးရငွေချေးစာချုပ်များထုတ်၍ ရောင်းချခြင်းပင်ဖြစ်သည်။ သို့သော် ထိုသို့ဆောင်ရွက်ခြင်းသည် မျိုးဆက်သစ်များကို ကြွေးမြီဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ငွေချေးစာချုပ်များ ထပ်မံရောင်းချရေးအပေါ် လက်ခံရန် ဝန်လေးလျက်ရှိသည်။ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရေးအတွက် အစိုးရငွေချေးစာချုပ်ထုတ်၍ရောင်းချခြင်းသည် ဂျပန်နိုင်ငံ၏ဘဏ္ဍာရေးဆိုင်ရာအုတ်မြစ်ကို ချည့်နဲ့ယိမ်းယိုင်စေမည်ဖြစ်ကြောင်း ဟိုဆေးတက္ကသိုလ်ပါမောက္ခ အိုဂူရိုကာဇူမာဆာက ထောက်ပြပြောဆိုသွားသည်။ လက်ရှိအချိန်ထိ ကီရှီဒါအစိုးရသည် အခွန်တိုးမြှင့်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ဝေခွဲမရသေးသဖြင့် ဆောင်ရွက်သွားမည့်အစီအမံကို ပြည်သူလူထုထံသို့ချပြခြင်းမျိုး မရှိသေးပေ။

စင်စစ်အားဖြင့် နိုင်ငံရေးဆိုင်ရာ မတူကွဲပြားမှုများ ဖြစ်ပေါ်လာသည့်အချိန်တွင် ကီရှီဒါအစိုးရအနေဖြင့် ရာထူးတည်မြဲရေးကြိုးပမ်းသွားရန် လိုအပ်ပေသည်။ ကီရှီဒါက ၎င်းအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရေးအတွက် အခွန်အခတိုးမြှင့်မကောက်ခံမီ အောက်လွှတ်တော်ဖျက်သိမ်းပြီး ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်သွားရဖွယ်ရှိကြောင်း ယခင်နှစ် ဒီဇင်ဘာလအတွင်းက ကြေညာခဲ့သည်။ သို့သော် ၎င်း၏အဆိုပြုချက်အပေါ် လူထုထောက်ခံမှုမရှိသဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ၎င်း၏အစီအစဉ်ကို ပြန်လည်ပြင်ဆင်ကာ ၎င်းအနေဖြင့် လွှတ်တော်ဖျက်သိမ်းပြီး သင့်လျော်သည့်အချိန်တွင် အထွေထွေရွေးကောက်ပွဲ ပြုလုပ်သွားမည်ဟု ပြောဆိုခဲ့သည်။

ယခုနှစ် မေလတွင် ဟီရိုရှီးမားမြို့၌ G-7 ထိပ်သီးအစည်းအဝေးပြုလုပ်ပြီးချိန်မှသာလျှင် ကီရှီဒါအတွက် ရွေးကောက်ပွဲပြုလုပ်ရန် မဟာဗျူဟာမြောက် အချိန်အခါကောင်းပင်ဖြစ်ပေသည်။ အဆိုပါထိပ်သီးအစည်းအဝေးပြီးနောက် ကီရှီဒါအစိုးရအဖွဲ့အပေါ် ထောက်ခံမှုမြင့်တက်လာနိုင်ပေသည်။ ကာကွယ်ရေးဘတ်ဂျက်ကို မည်ကဲ့သို့တိုးမြှင့်သွားမည်ဆိုသော ကီရှီဒါ၏ ဆုံးဖြတ်ချက်သည် ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရေးအတွက် ပြည်သူအများစုက လက်ခံသည့်ဆုံးဖြတ်ချက်ချမှတ်ခြင်းအပြင် G-7 ထိပ်သီးအစည်းအဝေး၌ သံခင်းတမန်ခင်းအောင်မြင်မှုများ ရရှိခြင်းသည် လာမည့်အောက်လွှတ်တော် ရွေးကောက်ပွဲ၌ ကီရှီဒါအပေါ် ထောက်ခံမှုမြင့်တက်လာနိုင်ပေသည်။

**ကိုးကား**

- **Doubling the Defense Budget Won't be Easy for Japan by The Diplomat.**

# မင်းဘူးမြို့နယ် လက်ခုပ်ပင်ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား စီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူ ပို့ဆောင်နိုင်ရန် ရည်ရွယ်၍ လက်ခုပ်ပင်ကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက လက်ခုပ်ပင်ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။


မင်းဘူးမြို့နယ် လက်ခုပ်ပင်ကျေးရွာတွင် အလျား ပေ ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ခြောက်ပေရှိ ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၂၃ ဒသမ ၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် အောင်ဇေကုမ္ပဏီကတာဝန်ယူ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကုန်ထုတ်တံတားတည်ဆောက်ပေးနိုင်မှုကြောင့် လက်ခုပ်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာ ထွက်ကုန်များ ဈေးကွက်သို့အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# ဒဂုံမြို့နယ် Queen Shin Saw Pu Art Studio & Gallery ပြခန်းတွင် ပန်းချီဆရာ ၁၀ ဦး၏ Top Ten အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Queen Shin Saw Pu Art Studio & Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၀ ဦး၏ Top Ten အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း တာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် အထင်ကရ ပန်းချီဆရာကြီး ၁၀ ဦး၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်အပါအဝင် စသည့် လက်ရာစုံ ဖြင့်ဖန်တီးထားသည့် ပန်းချီကား ၃၀ ကို စုစည်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပန်းချီဆရာကြီးများ ဖြစ်ကြသည့် ပန်းချီ ဦးငွေကိုင်၊ ပန်းချီ ဦးကံညွန့်၊ ပန်းချီ ဦးစန်းဖေ၊ ပန်းချီ ဦးဘလုံလေး၊ ပန်းချီ ဦးအမ်တင်အေး၊ ပန်းချီ ဦးသက်ညွန့်၊ ပန်းချီ စတား ဦးမြသန်း၊ ပန်းချီ ဦးလွန်းကြွယ်၊ ပန်းချီ ဦးသောင်းဟန်၊ ပန်းချီ ဦးမြသန်းတို့၏ ပန်းချီကားများကို စုစည်းပြသမည်ဖြစ်သည်။

"အခုတစ်ကြိမ်ကတော့ ပန်းချီလောကမှာသာ ထင်ရှားကျော်ကြားလူသိများတဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာပန်းချီကားတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ပန်းချီကားစုဆောင်းသူတွေသာမက ဝါသနာရှင်တွေကော အခြားလေ့လာသူတွေပါ သိမြင်ခံစားနိုင်ဖို့ ကြိုးစားစုဆောင်းတင်ပြတာဖြစ်ပါတယ်"ဟု မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြခန်းတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ၂၅ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၇၀ ထိရှိကြောင်း သိရသည်။

ASH

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်နာရီများ ဝင်ရောက်လာပြီး အရောင်းသွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်ကြွကားချပ်နာရီများမှာ နှစ်ထပ်ပေါင်သွင်းပြီးဖြစ်ကာ အသင့်ချိတ်ဆွဲထားနိုင်ရာ ပုံစံသစ် ဒီဇိုင်းအမျိုး ၂၀ ခန့် ဝင်ရောက်ထားကြောင်း၊ အရောင်းသွက်သည့်ဒီဇိုင်းများမှာ ဂမဏီငှက်နှင့် ဆင်ပန်းပုရုပ်ကြွကားချပ်နာရီ၊ ကိန္နရီ ကိန္နရာ ပန်းပုရုပ်ကြွကားချပ်နာရီနှင့် ဒေါင်းဆင်ပန်းပုရုပ်ကြွကားချပ်နာရီတို့ဖြစ်ကြောင်း၊ အဆိုပါပန်းပုရုပ်ကြွကားချပ်နာရီမှာ အလျား သုံးပေ၊ အနံ ၁ ဒသမ ၅ ပေအရွယ်အစားရှိပြီး မန္တလေးတိုင်းဒေသကြီး အမှတ်ရလက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်း သိရသည်။



"ဒီလို ပန်းပုရုပ်ကြွကားချပ်နာရီတွေကတော့ ပုံမှန်အရောင်းရှိတဲ့ ပန်းပုကားချပ်အမျိုးအစားဖြစ်ပါတယ်။ အဓိက ကတော့ နိုင်ငံရပ်ခြားသွားသူတွေ၊ အိမ်တက်မင်္ဂလာမှာ လက်ဆောင်ပေးလိုသူတွေ ဝယ်လေ့ရှိပါတယ်။ အရောင်းကတော့ အခုလို နှစ်ဆန်းလတွေက အရောင်းသွက်ပါတယ်။ အခုလချုပ်ဆိုရင် ပန်းပုရုပ်ကြွကားချပ်နာရီ ၂၀၀ လောက်ရောင်းရပါတယ်။ တစ်ချပ်ကို ငွေကျပ် ၁၈၀၀၀၀ လောက်ဖြစ်ပါတယ်"ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ASH

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်က ပြောပြ၍ သိရသည်။

အဆိုပါပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် အဝတ်အစားအသုံးအဆောင်ပြခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း စုစုပေါင်း ပြခန်း ၅၅ ခန်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ အပိုင်းနှစ်ပိုင်းရှိပါမယ်။ တစ်ပိုင်းကတော့ ပြပွဲဖြစ်ပါတယ်။ ပြပွဲမှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနအသီးသီးရဲ့ပြခန်းတွေပါမယ်။ ပြခန်းပေါင်း ၅၅ ခန်းရှိပါမယ်။ ဈေးပွဲတော်အနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ဇုန်က ထုတ်ကုန်တွေ ပြသရောင်းချပေးမဲ့ ဆိုင်ခန်းပေါင်း ၃၅၆ ခန်း ဖွင့်လှစ်ရောင်းချသွားမှာ ဖြစ်ပါတယ်။ ပွဲတော်လာပရိသတ်တွေအတွက်လဲ ဖျော်ဖြေရေးအစီအစဉ်တွေကို ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးကျော်တင့်က ပြောပြသည်။

အဆိုပါပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်များဖြစ်သည့် ဆေးဝါးများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ လူသုံးကုန်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ စသည့် အထွေထွေ ကုန်စည်မျိုးစုံတို့ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Upside နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် ပြင်ဆင်နေ

**နယူးယောက် ဖေဖော်ဝါရီ ၂**

The Upside (2017) ဒရာမာဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် မင်းသား ဘရိုင်ယန်ခရန်စတန်နှင့် ကီဗင်ဟာ့တို့က ပြင်ဆင်နေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ နီးဘာဂါရိုက်ကူးခဲ့သည့် The Upside ဇာတ်ကား၌ မင်းသား ခရန်စတန်နှင့် ကီဗင်ဟာ့တို့သည် အဓိကဇာတ်ကောင်များအဖြစ်ပါ ပါဝင်သရုပ်ဆောင်ခဲ့သည်။

အဆိုပါဇာတ်ကားသည် လေဖြန်းနေသည့် ဘီလီယံသူကြွယ်တစ်ဦးနှင့် ပြစ်ဒဏ်လျှော့ရက်ရ အကျဉ်းသားတစ်ဦးတို့ကြား ဆက်ဆံရေးကို ဖော်ကျူးရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး The Intouchables အမည်ရှိ ပြင်သစ်ဇာတ်ကားတစ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ဖန်တီးရန် မိမိနှင့် မင်းသား ကီဗင်ဟာ့တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း ခရန်စတန်က အတည်ပြုထားကြောင်း သိရသည်။

KKO



# Amazon စတူဒီယို၏ ဟာသဇာတ်ကားတွင် ဂျူလီယာရောဘတ်နှင့် ဂျင်နီဖာအန်နစ္စတန်တို့ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂**

ကမ္ဘာကျော်ဟောလိဝုဒ် မင်းသမီးများဖြစ်ကြသည့် ဂျူလီယာရောဘတ်နှင့် ဂျင်နီဖာအန်နစ္စတန်တို့သည် Amazon စတူဒီယို၏ ရုပ်ခန္ဓာပြောင်း ဟာသဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မက်ခ်ဘာဘာကိုးက တာဝန်ယူရေးသား၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ခန္ဓာပြောင်း ဟာသဇာတ်ကား ထုတ်လုပ်ဖြန့်ချိခွင့်ကို ရယူရေးအတွက် Amazon စတူဒီယိုသည် အခြားရုပ်ရှင်စတူဒီယိုကြီးများနှင့်အပြိုင် ကြိုးစားခဲ့ရသည်။

မင်းသမီး ဂျူလီယာရောဘတ်နှင့် ဂျင်နီဖာအန်နစ္စတန်တို့သည် ဟာသ အက်ရှင်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူများ ဖြစ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ဘာဘာကိုး၏ ဟာသဇာတ်ကားအတွက် တရားဝင်ဇာတ်ကားနာမည်ကို Amazon စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ဘာဘာကိုးသည် နာမည်ကျော် သိပ္ပံအက်ရှင်ဟာသဇာတ်ကားဖြစ်သည့် Palm Springs (2020) ကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

KKO



# Plan underway to admit 51 container carriers from 18 shippinglines in February


Yangon international port seen handling cargo containers.

**Yangon February 2**

The Myanma Port Authority on 1 February stated that arrangements are being made to admit 55 container vessels from 18 international shipping lines in February.

As Myanmar's maritime trade improves at present, international maritime vessels dock at international ports in Yangon on a monthly basis.

The Ministry of Commerce, the Myanma Port Authority, the Customs Department and relevant departments and organizations are making concerted efforts for admitting the international vessels at the international ports of Yangon.

As such, plans are underway to admit 51 container carriers from 18 international shipping lines this month.

Numbers of vessels from these international shipping lines will be nine vessels from New Golden Sea (COSCO), nine from Sea and Maersk ASIA, four from MSC line, three each from PIL, RC, Samudera shipping lines and SITC, TI2 Container Line, two each from BIPL line, Evergreen Line and X-press Feeder line, one each from Bay Line, CMA-SGM line, Gold Star line, IAL line and Land and two from Sea line MTT shipping line and one from RCL line.

In 2022, a total of 620 ocean-liners docked at international ports of Yangon. Myanma Port Authority handles the shipping, builds new ports, upgrade other ones, facilitated the ports with heavy machinery and operate the tasks with private sector through the Public-Private Partnership. 336

# Marine products earn more than 594.87 million in export to more than 40 countries

**Nay Pyi Taw February 2**

Export of marine products to more than 40 countries secured US$594.87 million from 1 April 2022 to 31 January 2023 in the 2022-23 fiscal year, said CEC member U Win Thein of Myanmar Fisheries Federation (Yangon Region).

Export volume this year slightly decreased rather than that of the same period last year. But, maritime export increased by some 35 per cent rather than the border trade. In exporting marine products, larger volume of 20 kinds of fish such as hilsa, rohu, river catfish, giant sea perch and barbus was exported. Moreover, export volume of shrimp increased this year.

"During the said period, export of marine products earned US$594.87 million. The stocks were sent to foreign markets via border land as well as marine route. Farming shrimps from Tanintharyi Region were exported to foreign market," said U Win Thein.

The federation and the Fisheries Department are closely joining hands in export of marine products to Japan, Middle East countries, European Union countries, Malaysia, China Taipei and Australia as usual.

Efforts are being made to send marine products to customer countries while emphasizing not decline of export volume of marine products due to the fact China restricts Covid-19 vuris in the products. ASH


Marine products ready for export in a boat at a border jetty.

# Tax service agencies to be reconstituted as tax service company limited at border trade areas

**Nay Pyi Taw February 2**

The Ministry of Planning and Finance recently stated that tax service agencies will be reconstituted as tax service company limited at border trade areas.

The Customs Department under the Ministry of Planning and Finance will reconstitute the tax service agencies as the tax service company limited at border trade areas in Muse, Myawady and Tachilek.

These agencies are giving services to businesspersons for smooth processes of export and import measures with documents and recommendations to communicate with the Customs Department.

To do so, these agencies will be reconstituted as the company limited for clearance of custom duties from 1 March to 30 June 2023.

Hence, these agencies may contact the Customs Department for reconstitution process.

The department allowed operations of the agencies with at least three persons who secured the completion certificates of the department.

In reconstituting the company limited, the department will allow the formation with at least one person who have completed the courses of the department. 336

# Qatargate: Two MEPs lose immunity in corruption case

**Brussels February 2**

Two MEPs have had their legal immunity lifted by European lawmakers, following a request by Belgian authorities investigating a corruption scandal that has rocked the European Parliament.

Italian Andrea Cozzolino and Belgian Marc Tarabella deny wrongdoing.

The Qatargate affair unfolded when a Greek lawmaker and three other suspects were arrested on suspicion of corruption and money-laundering.

One of the suspects then agreed to "tell all" as part of a plea deal.

Pier Antonio Panzeri is alleged to have led a network that took bribes from Qatar and Morocco in return for influencing the European Parliament. Some €1.5m (£1.3m) was recovered in cash in a series of raids in Brussels and elsewhere.

Both Qatar and Morocco have strenuously rejected allegations that they sought to gain influence over MEPs. However, prosecutors said Mr Panzeri had admitted "criminal responsibility".

Mr Tarabella's home was raided last month when Belgian police detained the four suspects. Prosecutors then asked the Parliament to lift his immunity from prosecution as well as Mr Cozzolino's.

The votes happened with little ceremony in a matter of seconds when lawmakers began a session of the European Parliament on Thursday morning. MEPs simply raised their hands as the details were read out.

Marc Tarabella attended the vote himself, making his way through a scrum of reporters as he headed into the chamber. Afterwards he told me he had voted to waive his immunity "because I want to speak with the judge and the investigators". BBC

# US secures deal on Philippines bases to complete arc around China

**Washington February 2**

The US has secured access to four additional military bases in the Philippines - a key bit of real estate which would offer a front seat to monitor the Chinese in the South China Sea and around Taiwan.

With the deal, Washington has stitched the gap in the arc of US alliances stretching from South Korea and Japan in the north to Australia in the south.

The missing link had been the Philippines, which borders two of the biggest potential flashpoints - Taiwan and the South China Sea.

The deal, which in part reverses the US' departure from their former colony more than 30 years ago, is no small matter.

"There is no contingency in the South China Sea that does not require access to the Philippines," says Gregory B Poling, director of the Southeast Asia programme at the Centre for Strategic and International Studies in Washington.

"The US is not looking for permanent bases. It's about places, not bases."

The US already had limited access to five sites under the Enhanced Defence Cooperation Agreement (EDCA) - the new additions and expanded access, according to a statement from Washington, will "allow more rapid support for humanitarian and climate-related disasters in the Philippines, and respond to other shared challenges", likely a veiled reference to countering China in the region. BBC

# Kanpaiti border trade camp secures trade surplus in 2022-23 FY



The gate of Kanpaiti border trade camp.

**Myitkyina February 2**

The Ministry of Commerce on 31 January 2023 stated that Kanpaiti border tarde camp could earn trade surplus in 2022-23 fiscal year.

The camp managed export and import processes as the fourth largest trade volume with China but earned the trade surplus. It arranged earning of US$61.185 million in border trade within nine-month period from 1 April to 31 December 2022.

In this regard, the trade camp managed US$52.371 million worth of export value and US$8.814 million worth of import value, bagging US$43.557 million worth of trade surplus.

Till 20 January 2023, the trade camp handled US$9.192 million worth of trade value including US$8.304 million worth of export products and US$0.888 million worth of import goods.

Hence, it pocketed US$7.416 million worth of trade surplus within 20 days of January 2023.

As such, the camp handled export value worth US$60675 million and US$9.702 million worth of import goods, totalling US$70.377 million, earning US$50.937 million from April 2022 to 20 January 2023 in the 2022-23 fiscal year.

It is because that the camp exported rice, feedstuffs, horticultural products, minerals, oar and tissue banana in order to earn trade surplus.

The camp allows import of construction materials, farming machinery, machines and machinery while trying to export agricultural produce such as watermelon, chilli, lime and pumpkin. 336

**Public Notice for elimination of violence**

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# More than 8,000 factories inspected in Mandalay Region for safety of electricity

**Mandalay February 2**

More than 8,000 factories and workshops in Mandalay Region have been inspected for ensuring safety of electricity this fiscal year, said director U Myo Htut Swe of Mandalay Region Department of Industrial Supervision and Inspection.

The department performs inspection of electricity measures at factories and workshops including State-owned factories. This year, the department targeted to complete inspection of more than 6,000 factories. So far, the department has inspected more than 8,000 factories.

"Our department carries out inspection of electricity measures at factories and workshops in Mandalay Region. Hence, factories need to apply for the department to cherck their elerctricity meausures for safety to avoid danger of fire. In this regard, the electricity inspection branch of the department inspect the factories," said the director.

He contiues, "Factories use boilers, heaters and washing machines at factories and hotels. So, they need to accept inspection for registration of boilers. The boiler inspection branch of the department inspect the condititions of boilers at these factories not to cause boiler blast. So, our department's inspection tasks exceeds the target on a yearly basis."

The department inspects lifts, escalaters, geneators, welders and installation of power cables at factories, workshops, hotels, supermarkets, public buildings and other structures in order to ensure electricity safety.

If necessary, the department gives instructions and recommenations to these buildings. 185



A workshop in operation.

# Mandalay Region to host expo to raise market of products from MSMEs

**Mandalay February 2**

A plan is underway to host expositions to mark the 2023 New Year in order to raise market of products from MSME businesses in the region, said chair of Mandalay Region Chambers of Commerce and Industry U Win Htay.

MSME entrepreneurs will jointly organize the new year expo. It will take place at Mingalar Mandalay (Ocean Centre Promotion Area) with 120 shops in Chanmyathazi Township of Mandalay from 17 to 19 February. It aims to develop MSME businesses as well as raise its market.

"Businesspersons halted operation of their businesses during the Covid-19 pandemic. As these businesses have resumed, the expo aims to raise the market process. It will last for three consecutive days from 17 to 19 February from 8 am to 6 pm daily. If necessary, the expo will be held on additional days. Shops at the expo will reduce prices of goods for visitors at 10-15 per cent discounts. Hence, the businesspersons wishing to showcase their products may contact MRC-CIO office and facebook page," he added.

The exposition will comprise sales of foodstuffs, personal goods, domestic products, services, traditional goods and silkwares, sculptural works and products from various businesses.

Moreover, it was reported that the Mandalay Region Department of Industrial Supervision and Inspection and the Region Department of Small-scale Industries Department will jointly organize the exposition to extend the market wings of MSME businesses. 185

# Export of minerals, metal earns US$235.47 million from 1 April 2022 to 31 January 2023

**Nay Pyi Taw February 2**

Myanmar bagged US$235.47 million from exportation of metals and minerals durin the period from from 1 April 2022 to 31 January 2023 in the 2022-23 fiscal year, said director U Nanda of Trade Department of the Ministry of Commerce.

The State-owned business pocketed US$23.43 million and the private sector US$212.04 million in export of minerals and metals during the period.

"Myanmar sends minerals to China, especially tin, tungsten, antimony, copper and bronze. Tin and tungsten are produced from Kayah State and Taninthayi Region, followed by Mandalay and Sagaing regions," he added.

Myanmar exports minerals such as gold, jade, gems, pearl, diamond, lead, tin, tungsten, silver, copper, zince, coal and other minerals to foreign markets. ASH

# People's Square in Dagon Township to host special sales to mark 76th Anniversary of Union Day on 11 and 12 February

**Yangon February 2**

The special sales will be marked the 76th Anniversary of Union Day at the People's Square in Dagon Township of Yangon Region on 11 and 12 February, said assistant director U Kyaw Tint of Yangon Region government office.

The special sales will comprise 25 booths of ministries, 15 booths of regions and states including Nay Pyi Taw Council and 15 booths for ethnic traditional culture and costumes and ethnic foods, totalling 55.

"The event will comprise the Union Day commemorative exhibition and special sales this year's celebration. The exhibition will be formed with 55 booths whereas the special sales will comprise 356 shops from 29 industrial zones of Yangon Region. Moreover, arrangements have been made to stage entertainment programmes for the people," he added.

The exhibition and the speial sales will be held from 9 am to 5 pm during the two day period on 11 and 12 February. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းသို့ တာဝေးပစ်ဒုံးကျည်များပေးပို့မည်ဟု အမေရိကန်ပြောကြား



အမေရိကန်သည် ယူကရိန်းသို့တာဝေးပစ်ဒုံးကျည်များပေးပို့သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ထိုသို့ပြောကြားပြီးနောက် ယူကရိန်းနိုင်ငံတပ်ဖွဲ့များသည် ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် စွမ်းဆောင်ရည်မျိုးပိုင်ဆိုင်လာနိုင်တော့မည်ဖြစ်သည်။

အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိသော Ground Launched Small Diameter Bomb (GLSDB) ဒုံးကျည်စနစ်သုံးခဲယမ်းများထည့်သွင်းပေးအပ်မည့် ယူကရိန်းအတွက်လာမည့် စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်တွင် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်တန်ဖိုးရှိမည်ဖြစ်ကြောင်း အဆိုပါအကူအညီပေးရေးအစီအစဉ်များနှင့် နီးစပ်သည့်အသိုင်းအဝိုင်းမှ ပြောကြားချက်များကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၃၁ ရက်က ထုတ်ဖော်ရေးသားခဲ့သည်။

အဆိုပါ အကူအညီပေးရေးအစီအစဉ်သစ်တွင် Javelin တင့်ဖျက်လက်နက်များ၊ မိုင်းဒဏ်ခံယာဉ်များ၊ အတွဲလိုက်၊ မျိုးစုံပစ်လွှတ်နိုင်သောဒုံးကျည်စနစ်(MLRS) နှင့် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် အထောက်အပံ့ပစ္စည်းများလည်း ပါဝင်မည်ဖြစ်သည်။

GLSDB ဒုံးကျည်များသည် အမေရိကန်နိုင်ငံနှင့် ၎င်း၏ NATO မဟာမိတ်များ ယခင်က ပံ့ပိုးပေးထားသည့် MLRS နှင့် HIMARS ဒုံးကျည်များထက် အကွာအဝေးကို နှစ်ဆခန့် ပိုမိုရောက်ရှိစေရန် ယူကရိန်းတပ်ဖွဲ့များကို စွမ်းဆောင်နိုင်လာစေမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် မတ်လတွင် အမေရိကန်မှ တင့်ကားများ သို့မဟုတ် လေယာဉ်များပံ့ပိုးပေးမည်မဟုတ်ကြောင်းပြောကြားခဲ့ပြီး နောက်တွင် M1 Abrams တင့်ကားများကို ယူကရိန်းသို့ ပြီးခဲ့သည့်တစ်ပတ်ကပင် ပေးပို့ရန်အစီအစဉ်ကို အမေရိကန်က အတည်ပြုနိုင်ခဲ့သည်။ အမေရိကန်ထုတ် တင့်ကားများကို ယခုနှစ်ကုန် သို့မဟုတ် ၂၀၂၄ ခုနှစ်အတွင်း ယူကရိန်းသို့ ပို့ဆောင်ပေးရန် စီစဉ်ထားပြီး ယခင်က အတည်ပြုထားသော Bradley တိုက်ခိုက်ရေးယာဉ် အစီး ၆၀ ၏ ပထမအသုတ်မှာ လမ်းကြောင်းပေါ် ရောက်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ သယ်ယူပို့ဆောင်ရေးကွပ်ကဲမှုဌာနချုပ်က ဇန်နဝါရီ ၃၀ ရက်က အတည်ပြုခဲ့သည်။

GLSDB ကို အမေရိကန်နိုင်ငံကာကွယ်ရေးကန်ထရိုက်တာ Boeing ကုမ္ပဏီက ယူကရိန်းအတွက် လက်နက်သစ်များ အမြန်ထုတ်လုပ်ရန်အစီအစဉ်များအောက်တွင် တီထွင်ထုတ်လုပ်လျက်ရှိသည်။ ၎င်းသည် GBU-39 အချင်းသေးငယ်သောဗုံးကို M26 ဒုံးကျည်မော်တာနှင့်ပေါင်းစပ်ထားပြီး ၎င်းတို့နှစ်ခုစလုံးကို လက်ရှိ အမေရိကန်နိုင်ငံစစ်ဘက်ပိုင် လက်နက်သိုလှောင်ရုံများမှ ထုတ်ယူပေးအပ်နိုင်သည်။ GLSDB တိုက်ခိုက်နိုင်သော အကွာအဝေးထက် နှစ်ဆကျော်မြင့်မားသော ကီလိုမီတာ ၃၀၀ ခန့်အကွာအဝေးထိ တိုက်ခိုက်နိုင်သည့် MGM-140 Army Tactical Missile System (ATACMS) အတွက် ယူကရိန်းသမ္မတဇီလန်စကီး၏ အကြိမ်ကြိမ်တောင်းဆိုမှုများကို ဖြည့်ဆည်းပေးရန် အမေရိကန်က ခေတ္တခဏ နှုတ်ဆိတ်နေလိမ့်မည်ဖြစ်သည်။

ယူကရိန်းကိုပေးအပ်နေသည့် စစ်လက်နက်များကို ရုရှားပိုင်နက်အတွင်းထိ ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် အသုံးပြုနိုင်ရန် မရည်ရွယ်ကြောင်း အမေရိကန်တာဝန်ရှိသူများက အခိုင်အမာပြောဆိုထားသော်လည်း ယူကရိန်းတပ်ဖွဲ့များသည် အဆိုပါအချက်နှင့်ပတ်သက်ပြီး လိုက်နာမှုမရှိကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Ned Price က ယူကရိန်းပိုင်နက်ဖြစ်နေဆဲဟုဆိုထားသည့် ကရိုင်းမီးယားအပါအဝင် ၎င်း၏ကိုယ်ပိုင်ပစ်မှတ်များကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိကြောင်း ယခုလအစောပိုင်းက အမေရိကန်၏ ရပ်တည်ချက်ကို ထပ်လောင်းပြောကြားခဲ့သည်။

ကရိုင်းမီးယားကို ယခုနှစ်နွေရာသီတွင် ပြန်လည်သိမ်းပိုက်ရန် ရည်ရွယ်ထားသည်ဟု ယူကရိန်းထောက်လှမ်းရေးအကြီးအကဲ Kirill Budanov က ပြောကြားခဲ့ကြောင်း သိရသည်။

ကရိုင်းမီးယားနှင့် စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့ပူးပေါင်းရန် မဲပေးခဲ့သည့် နယ်မြေများအပါအဝင် ရုရှားနိုင်ငံကို ခြိမ်းခြောက်မှုမှန်သမျှသည် ရုရှား၏ ပိုမိုအားကောင်းသောလက်နက်များကို အသုံးပြုလာမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က အခိုင်အမာပြောကြားထားခဲ့သည်။

အနောက်နိုင်ငံများကို လက်နက်များဆက်လက်ပံ့ပိုးပါက လူသားမျိုးနွယ်အတွက်ဖြစ်နိုင်ခြေရှိသော ကမ္ဘာ့အဆိုးဆုံးပြဿနာတစ်ခုကြုံတွေ့လာရနိုင်ကြောင်း၊ ယူကရိန်းဘက်ကလည်း ရုရှားနိုင်ငံတွင်းရှိ အရပ်ဘက်မြို့များကို တိုက်ခိုက်ရန်နှင့် ရုရှားပိုင်နယ်မြေများဟုကြေညာထားသည့် ပိုင်နက်နယ်မြေများကို သိမ်းပိုက်ရန်ကြိုးပမ်းလာနိုင်ဖွယ်ရှိကြောင်း Duma ဥက္ကဋ္ဌ Vyacheslav Volodin က ယခုလ အစောပိုင်းက သတိပေးခဲ့သည်။

**US to arm Ukraine with 'longer-range' missiles – Reuters ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်လေတပ်က HAWC ဒုံးကျည်ကို နောက်ဆုံးစမ်းသပ်မှုလုပ်ဆောင်နိုင်ခဲ့



အမေရိကန်လေတပ်သည် ၎င်း၏ Hypersonic Air-Breathing Weapon Concept(HAWC)ဒုံးကျည်ကို နောက်ဆုံးစမ်းသပ်မှု လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးအဆင့်မြင့် သုတေသနပရောဂျက်များအေဂျင်စီ(DARPA)နှင့် ပူးပေါင်း၍စမ်းသပ်မှုတွင် HAWCဒုံးကျည်သည် B-52 ဗုံးကြဲလေယာဉ်မှပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး အမြင့်ပေ ၆၀၀၀၀ ကျော်တွင် ပျံသန်းနေသည်ကို တွေ့ရှိခဲ့ရသည်။

အကွာအဝေးရေမိုင် ၃၀၀ ကျော်ကို အသံ၏အမြန်နှုန်းငါးဆကျော်ဖြင့် ခရီးနှင်ခဲ့ခြင်းဖြစ်သည်။

"ဒီနောက်ဆုံးစမ်းသပ်မှုဟာ တိုးတက်လာတဲ့စွမ်းဆောင်ရည်နဲ့ လုပ်ဆောင်နိုင်မှုတွေကို ပြသခဲ့ပါတယ်"ဟု DARPA ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုအခါ အမေရိကန်၏ Hypersonic လေရှူထုတ်ဒုံးကျည် ဒီဇိုင်းနှစ်မျိုး (Lockheed Martin နှင့် Raytheon တို့က တီထွင်နေ)သည် အနာဂတ်တွင် တိုးတက်ဖွံ့ဖြိုးလာပြီး အသုံးပြုလာနိုင်ဖွယ်ရှိသည့် အနေအထားတစ်ရပ်သို့ ရောက်ရှိနေကြောင်း သိရသည်။

၎င်း၏ နောက်ဆုံးစမ်းသပ်မှုကို ပြီးမြောက်ခဲ့သော်လည်း DARPA က HAWC ဒုံးကျည်၏ပရိုဂရမ်တွင် နောက်ထပ်ဒေတာများကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ရန်လိုအပ်ပြီး နည်းပညာပိုင်းဆိုင်ရာဖြည့်ဆည်းလုပ်ဆောင်ဖွယ်ရာများ ရှိနေသေးကြောင်း DARPA က ပြောကြားခဲ့သည်။

HAWC ဒုံးကျည်တိုးတက်ဖွံ့ဖြိုးမှုအပေါ်အခြေခံ၍ တည်ဆောက်ထားသည့် နောက်ထပ် Hypersonic လက်နက်စနစ်များကို စမ်းသပ်ရန်အတွက် ဆက်စပ်ပရိုဂရမ်တစ်ခုကိုလည်း စတင်လုပ်ဆောင်တော့မည်ဖြစ်သည်။

အမေရိကန်လေတပ်၏ HAWC ပရိုဂရမ်သည် ထိရောက်သည့်ဝေဟင်ပစ် Hypersonic ခရုဇ်ဒုံးကျည်ကို ဖန်တီးနိုင်မည့် အရေးကြီးသောနည်းပညာများကို တီထွင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်။

Hypersonic ခရုဇ်ဒုံးကျည်သည် ပစ်လွှတ်ပြီးနောက် လှုပ်ရှားစက်ကစားနိုင်စွမ်းမြင့်မားကောင်းမွန်စွာဖြင့် လမ်းကြောင်းပြောင်းလဲပျံသန်းနိုင်ကာ ရန်သူ့ရေဒါများ၏ ထောက်လှမ်းရခြင်းမှ ရှောင်ကွင်းနိုင်မည်ဖြစ်သည်။

တာရှည်ခံ တွန်းကန်အားစနစ်နှင့် အလွန်လျင်မြန်သော အမြန်နှုန်းရရှိရန် ဒုံးကျည်သည် လေထုထဲမှလေကိုရယူအသုံးပြုကာ ဒီဇိုင်းထုတ်ထားသောကြောင့် ၎င်းကို Air-Breathing လေရှူဒုံးကျည်ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည်။

ခေတ်မီဆန်းသစ်သော လက်နက်ကို ဖန်တီးခြင်းအပြင် HAWC စီမံကိန်းသည် Hypersonic နည်းပညာကျွမ်းကျင်ပညာရှင်အင်ဂျင်နီယာများနှင့် သိပ္ပံပညာရှင်မျိုးဆက်သစ်များကိုလည်း ထွက်ပေါ်လာနိုင်စေခဲ့ပြီဖြစ်သည်။

"ဒီစမ်းသပ်မှုက အမေရိကန်သမိုင်းမှာ အအောင်မြင်ဆုံး အသံထက်မြန်တဲ့ လေရှူထုတ်ဒုံးကျည်စမ်းသပ်မှုအစီအစဉ်အတွက် အံ့အားသင့်ဖွယ်ရာ မှတ်တိုင်တစ်ခုကို ထပ်မံစိုက်ထူပေးနိုင်ခဲ့ပါတယ်" ဟု ပရိုဂရမ်ဦးဆောင်သူ Walter Price က ပြောကြားခဲ့သည်။

Hypersonic လက်နက် HAWC မှ ကျွန်ုပ်တို့သင်ယူခဲ့သော အရာများသည် အနာဂတ်အမေရိကန်လေတပ်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်မှာ သေချာသည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**US Air Force Hypersonic Air-Breathing Weapon Completes Final Test Flight ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ ၂၂၁၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ ၂၂၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၁၅၄၇ ဧက၊ နှမ်း ၄၇၁ ဧက၊ နေကြာဧက ၂၀၀ စုစုပေါင်း ဆီထွက်သီးနှံ ၂၂၁၈ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်းနဲ့ နေကြာ ၂၂၁၈ ဧက စိုက်ပျိုးခဲ့တယ်။ ဆီထွက်သီးနှံတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့၊ နည်းပညာနဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။ လက်ရှိ ဆီထွက်သီးနှံအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေးကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်နဲ့ အခြားသဘာဝဘေးကြောင့် ထိခိုက်ပျက်စီးတာတွေ မရှိစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်တောင်သူများ ဆီထွက်သီးနှံများကိုအခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်ချက်များကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းပြီးချိတ်ဆက်ကူညီပံ့ပိုး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာယာဝတီမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သာယာဝတီ ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရေတွင်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရိုင်ဦးစီးမှူး ဦးသန်းလွင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ရေတွင်းကုန်းကျေးရွာတွင် အရှည် ပေ ၉၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံခင်း ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၆ ဒသမ ၇၇ သန်းဖြင့်လည်းကောင်း၊ အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အလျား ၁၈ လက်မ၊ အနံ ခြောက်ပေ သုံးလက်မ၊ အမြင့် ငါးပေ ခြောက်လက်မရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၀၃၄ သန်းဖြင့်လည်းကောင်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၈၄ ဒသမ ၈၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှက်သစ်နုဝေကုမ္ပဏီက ဩဂုတ်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပေးနိုင်မှုကြောင့် ရေတွင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသောထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# မင်းတုန်းမြို့နယ် ကံမနိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံမနိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့်ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်၊ အသင်းသား၊ အသင်းသူများ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံမနိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၁၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၂ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၂-၂၀၂၄

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွေဧီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

## ရေးမြို့နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၄/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် မွန်ပြည်နယ် ရေးမြို့နယ်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တနင်္သာရီမြို့နယ်နှင့် ပုလောမြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၅/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်နှင့် ပုလောမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသောအခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ရှေ့မှအဆက်**

ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီး**
  (၁) အင်းတော်မြို့နယ်
  (၂) ဗန်းမောက်မြို့နယ်
  (၃) ကောလင်းမြို့နယ်
  (၄) ပင်လည်ဘူးမြို့နယ်
  (၅) မြောင်မြို့နယ်
  (၆) ဆားလင်းကြီးမြို့နယ်
  (၇) ပုလဲမြို့နယ်
  (၈) ယင်းမာပင်မြို့နယ်
  (၉) ခင်ဦးမြို့နယ်
  (၁၀) တန့်ဆည်မြို့နယ်
  (၁၁) ရေဦးမြို့နယ်
(ခ) **ချင်းပြည်နယ်**
  (၁) တီးတိန်မြို့နယ်
  (၂) တွန်းဇံမြို့နယ်
  (၃) ဖလမ်းမြို့နယ်
  (၄) ကန်ပက်လက်မြို့နယ်
  (၅) မတူပီမြို့နယ်
  (၆) ထန်တလန်မြို့နယ်
  (၇) ဟားခါးမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ **အမိန့်အမှတ် ၂/၂၀၂၃ မှ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ဂန့်ဂေါမြို့နယ်
(ခ) ထီးလင်းမြို့နယ်
(ဂ) ဆောမြို့နယ်
(ဃ) ပေါက်မြို့နယ်
(င) မြိုင်မြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကယားပြည်နယ်အတွင်းရှိ မြို့နယ်များကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၆/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေဖြစ်သည့် ကယားပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ဒီမော့ဆိုမြို့နယ်
(ခ) ဖရူဆိုမြို့နယ်
(ဂ) ရှားတောမြို့နယ်
(ဃ) ဘောလခဲမြို့နယ်

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့် အကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့ကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၇/၂၀၂၃**

၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁/ ၂၀၂၃၊ အမိန့်အမှတ် ၂/ ၂၀၂၃ နှင့် အမိန့်အမှတ် ၃/ ၂၀၂၃၊ အမိန့်အမှတ် ၄/ ၂၀၂၃၊ အမိန့်အမှတ် ၅/ ၂၀၂၃ နှင့် အမိန့်အမှတ် ၆/ ၂၀၂၃ တို့ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့ကို စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)တို့၏ နယ်မြေများဖြစ်သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ဒေသကွပ်ကဲရေးမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးကို စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
- (ကက) သေဒဏ်၊
- (ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
- (ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက်သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက် ရရှိမှသာအတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးတို့၏ အတည်ပြုချက်ရရှိမှသာအတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
- (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
- (ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
- (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
- (ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးကို ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၇၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲတက်ရောက်

**တောင်ကြီး ဖေဖော်ဝါရီ ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်တွင် အစိုးရကွန်ပျူတာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်တွင် သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း ၂၃ နှစ်ရှိပြီဖြစ်ပြီး ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာဘွဲ့နှင့် မဟာဘွဲ့ရကျောင်းသား၊ ကျောင်းသူ ၁၄၁၃ ဦးကို မွေးထုတ်ပေးခဲ့ပါကြောင်း၊ လက်ရှိ စာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၄၇၅ ဦး တက်ရောက်ပညာသင်ကြားနေကြောင်း သိရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့သည့် ငွေကျပ် ၁၀ သိန်းကိုပေးအပ်ရာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကိုဆုချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ပထမနှစ်သင်တန်းသို့ဝင်ခွင့်အမှတ်စဉ် (၁)၊(၂)၊(၃) ဖြင့်ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ကျောင်းသူများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကွန်ပျူတာသိပ္ပံသင်တန်း၊ ဒုတိယနှစ်ကွန်ပျူတာနည်းပညာသင်တန်း၊ တတိယနှစ် ကွန်ပျူတာသိပ္ပံသင်တန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သော ရှေးဦးသူနာပြုကြက်ခြေနီသင်တန်းတွင် ဆုရရှိသူများ၊ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ထုပ်စည်းတိုးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်းဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများက ပအိုဝ်းတိုင်းရင်းသားရိုးရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအက၊ အင်းတိုင်းရင်းသားရိုးရာအက၊ ပုဂံရိုးရာအကတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော Project Show ပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဝတီတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၇၈ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၁၂၀၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ရေဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။**

## ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၄/ ၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

### ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဌာနများသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နုမြဇံ<br>အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန |
| (၂) | ဒေါက်တာမိုးဇော်ထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၅/ ၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ တင်ထွဋ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၆/ ၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

### စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီနှင့် မြန်မာ့တပ်မတော်ကို ထောက်ခံပွဲများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲတို့ကို ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်း ရှိ မြို့နယ်တို့၌ အသီးသီးပြုလုပ်ဆန္ဒဖော် ထုတ်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နှစ်နှစ် ပြည့် အုပ်ချုပ်မှုကို ထောက်ခံပါသည်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီကိုကြိုဆိုပါသည်၊ အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေး ဗိုအရေး၊ NUG ၊ CRPH ၊ PDF အကြမ်းဖက်သမား များ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပအဖျက် သမားမှန်သမျှ ဆန့်ကျင်ကြ၊ ဗုဒ္ဓဘာသာ ရဟန်းတော်များအား ကာကွယ်ကြ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဗိုအရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် တပ်မတော်အား အပေါ် အကြမ်းဖက်မှုချက်ချင်းရပ်" ထောက်ခံပါသည်၊အကြမ်းဖက် PDF အလို မရှိ၊ NUG ၊ CRPH အကြမ်းဖက်သမား များ အလိုမရှိ၊ NUG ၊ PDF ပြည်သူ စသည့်စာသားပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်၍ အေးချမ်းစွာဆန္ဒ ဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရေဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့် မြန်မာ့တပ်မတော်ကို ထောက်ခံပွဲပြုလုပ်စဉ်။

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက် ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလ တွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံ တစ်ဝန်းတွင် ဒေသအလိုက်စည်ကား သိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက် ရှိသည်။

ထိုသို့ကျင်းပပြုလုပ်လျက်ရှိရာ ဖေဖော် ဝါရီ ၁ ရက်နှင့် ယနေ့တို့တွင် အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မဟာ သန္တာရုံသီတော်မြတ်ကြီး၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ပုသိမ် တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အားကစား ကွင်း၌လည်းကောင်း အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲ ထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိ ကြသူများကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်း ရရှိသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု) လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရေဝတီတိုင်းဒေသကြီး ရေဝတီမြစ် ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ယနေ့တွင် လပွတ္တာမြို့နယ် ဘီတွတ် ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၁၃ဦးကို ၎င်းကျေးရွာရှိ သာသနာ့ဗေယျာကျောင်းတိုက်၌ အခြေပြု ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေး ကုသမှုဆိုင်ရာရောဂါ ၃၈၉ဦး၊ ခွဲစိတ်ရောဂါ ၉၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၈ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးအကြောရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂၀ ဦး၊ မျက်စိရောဂါ ၂၄၃ ဦးနှင့် သွား ရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါး ကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄၄ ဦးနှင့် မျက်စိ ခွဲစိတ်လူနာ ၂၀ ဦးတို့ကို ခွဲစိတ်ကုသပေး ခြင်းများနှင့်တယ်လီဗေးရှင်းဓာတ်မှန်ရိုက် လူနာ ၈၃ ဦး၊ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာ ၇၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၈ ဦးတို့ကိုရောဂါရှာဖွေစမ်းသပ်ပေးခြင်း များဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့်လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့တက်ရောက်ကုသ နိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ သားဖွား မီးယပ်ပါရဂူ ဗိုလ်ကြီးရန်ပိုင်ဦး ဦးဆောင် ပြီး လပွတ္တာမြို့နယ် မြစ်ပေါက်ကျေးရွာ အုပ်စု ဒေါင့်ချောင်းကျေးရွာနေ ဦးကျော် ကျော်၏ဇနီးဖြစ်သူ ဒေါ်စနေမကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်(ခြောက်ပေါင် နှင့် ခြောက်အောင်စ)ရှိ သမီး မိန်းကလေး တစ်ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ ပြီး သမီးငယ်ကို မိုးရွှေဇွန်ဟု အမည်ပေးခဲ့ ကာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ပေးအပ်သည့် ထောက်ပံ့ငွေ နှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူ တစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါကလေးငယ်သည် ယခုခရီးစဉ် အတွင်း ပထမဆုံး မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ ၂၀၁၃ ခုနှစ် မှစ၍ ဆေးကုသမှုများပြုလုပ်ပေးမှုသမိုင်း မှတ်တမ်းတွင် ၂၅ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ် ကြောင်း သတင်းရရှိသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က သမီးမိန်းကလေးတစ်ဦးကို အောင်မြင်စွာမွေးဖွားပေးစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး အမ်းတပ်နယ်ရှိ တပ်ရင်း၊တပ်ဖွဲ့များ၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း များ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူ ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက အမ်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့ များရှိ စိုက်ပျိုးမွေးမြူရေးခြံများသို့ သွား ရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ နှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစခန်းများ ကြည့်ရှုစစ်ဆေးမှုတို့နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၂၃)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အဓိကလုပ်ငန်းတာဝန်များဖြစ်သော လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ကော်မရှင်ဥပဒေအခန်း(၅) ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကိုလည်းကောင်း၊ ပုဒ်မခွဲ (ဃ)အရ တိုင်တန်းချက်၊ စွပ်စွဲချက်နှင့် သတင်းအရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့် နေရာသို့ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း၊ ပုဒ်မခွဲ(င)အရ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကိုလည်းကောင်း တာဝန်နှင့်လုပ်ပိုင်ခွင့်အရ လျာထားချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ပေးပို့လာသည့် တိုင်တန်းချက် ၂၂၉ စောင် လက်ခံရရှိခဲ့ရာ အဆိုပါတိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့က အစည်းအဝေး ၃၂ ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း ၃၉ မှု၊ တိုင်တန်းသူထံ အကြံပြုပြန်ကြားခြင်း ၄၇ မှု၊ မှတ်တမ်းထားရှိခြင်း ၁၄၃ မှုတို့ ဖြစ်ပါသည်။

၄။ မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၁၄၃ စောင်သည် ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက် အင်္ဂါရပ်နှင့်မညီညွတ်သောအမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်သဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုအပ်သောတိုင်တန်းချက်များဖြစ်သောကြောင့် မှတ်တမ်းအနေဖြင့် စနစ်တကျထိန်းသိမ်းထားရှိပါသည်။

၅။ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ပေးပို့ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်တို့အပါအဝင် ပြန်ကြားချက် ၁၂၁ စောင်ကို လက်ခံရရှိခဲ့သဖြင့် တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်က ပေးပို့ပြန်ကြားပေးခဲ့ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ၊ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိတို့ကို ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၇။ ကြည့်ရှုစစ်ဆေးမှုအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း အကျဉ်းထောင် ၁၈ ခု၊ အချုပ်ထောင် လေးခု၊ အကျဉ်းစခန်း ၁၇ ခု၊ ရဲစခန်းအချုပ်ခန်း ၂၅ ခု၊ တရားရုံးအချုပ်ခန်း သုံးခု၊ လူငယ်သင်တန်းကျောင်း ငါးခု၊ ကလေးပြုစုရေးဂေဟာ တစ်ခု၊ ဘိုးဘွားရိပ်သာ တစ်ခုနှင့် မသန်စွမ်းလူငယ်သင်တန်းကျောင်း ငါးခုတို့ကို ကြည့်ရှုစစ်ဆေးနိုင်ခဲ့ပါသည်။

၈။ ကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ရှိ အကျဉ်းသား၊ အချုပ်သားတို့ကို တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ ပါ "ကုလသမဂ္ဂကပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ၊ မညီ"၊ အကျဉ်းသား၊ အချုပ်သား အိပ်ဆောင်များ၊ အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်းအတွက် ရရှိသင့်သည့် အသုံးအဆောင်များရရှိမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေ စသည်တို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၉။ ထို့ပြင် အကျဉ်းသား၊ အချုပ်သားများကို ယင်းတို့၏အိပ်ဆောင်များတွင် လိုက်လံတွေ့ဆုံကာ စားဝတ်နေရေးအခြေအနေ၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ ပြည့်စုံစွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်းတွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း ၂၃၉ ဦး တို့ကို ကြည့်ရှုစစ်ဆေးရေးအဖွဲ့က မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို အလေးထား စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်ကြားသူများကို လက်တုံ့ပြန်မှုမခံရစေရေးအတွက် သေချာစေမည့်ဆောင်ရွက်ချက်များကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ နှင့် ပြန်ကြားပေးနိုင်ရေး ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၁၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇) (၆) မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင် စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့်ကော်မရှင် website ဖြစ်သော https://mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၁၂။ တိုင်တန်းချက်များကိုစိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအပါအဝင် သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ မသန်စွမ်းသူနှင့် အမျိုးသမီး အခွင့်အရေးချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးတို့မှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်းနှင့် တိုင်တန်းချက်ပေးပို့ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပါရန်လည်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သာရမဲကျေးရွာနေ လဲ့လဲ့ဖြိုး(ခ)မဖြိုးသည် ၎င်းအသုံးပြုသည့် "Hsu Yati Phuu (Mee Phyo)" Facebook အကောင့်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့မရပ်ကွက်နေ ဝေဇော်(ခ)ငြိမ်းမြတ်နှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၄)မိုင်ကျေးရွာနေ ဖြိုးမောင်တို့သည် ၎င်းတို့အသုံးပြုသည့် "ကျောက်စိမ်းမြေလေးညို့ရှင်" Facebook အကောင့်နှင့် "မောင်တောသားချေ တောသားချေ" Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၃)ရပ်ကွက်နေ ဖြူဖြူဝင်းသည် ၎င်းအသုံးပြုသည့် "Phyu Phyu Win" Facebook အကောင့်၊ နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ ပိုးအိခိုင်သည် ၎င်းအသုံးပြုသည့် "Poe Poe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဥယျာဉ်ကျေးရွာနေ ဝင်းဝင်းဖြိုးသည် ၎င်းအသုံးပြုသည့် "Win Win Phyo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဆေးဘိုဝကျေးရွာနေ နေခြည်ဝင်းသည် ၎င်းအသုံးပြုသည့် "Nay Chi Win" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ ပြည်ပို့(ခ)ဖိုးပြည့်သည် ၎င်းအသုံးပြုသည့် "Pyae Poh" Facebook အကောင့်၊ ဟင်္သာတမြို့နယ် ညောင်ပင်ရပ်ကွက်နေ "WAI YAN MOE KYAW" Facebook အကောင့်၊ ငါးသိုင်းချောင်းမြို့နယ် ရွှေဘိုရပ်ကွက်နေ ခိုင်ခိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Khaing Khaing Ntg Win" Facebook အကောင့်နှင့် မြန်အောင်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ညဏ်ဇော်အောင်(ခ)အာကာသည် ၎င်းအသုံးပြုသည့် "R Kar" Facebook တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဖေဖော်ဝါရီ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၀၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၃၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၀၆ ဦး |

# အီတလီနိုင်ငံသားများ ကျန်းမာရေးနှင့်ညီညွတ်သော ကန့်သတ်ချက်ထက်ကျော်လွန်၍ လေထုညစ်ညမ်းမှုနှင့်ကြုံတွေ့နေရ



**ရောမ ဖေဖော်ဝါရီ ၂**

အီတလီနိုင်ငံသားများသည် သတ်မှတ်ထားသော ကျန်းမာရေးနှင့်ညီညွတ်သည့် ကန့်သတ်ချက်ထက်ကျော်လွန်၍ လေထုညစ်ညမ်းမှုနှင့် ကြုံတွေ့နေရကြောင်း အီတလီနိုင်ငံ၏ အကြီးဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် Legambiente က ဇန်နဝါရီ ၃၁ ရက်က ပြောကြားခဲ့သည်ဟု EURACTIVE သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်က ထုတ်ပြန်ထားသည်။

မီးခိုးမြူဖြစ်ပေါ်ရသော အရင်းအမြစ်မျိုးစုံကို ကိုင်တွယ်ဖြေရှင်းရာတွင် အဆောက်အအုံများ၏ အပူပေးခြင်းစနစ်များကို စနစ်တကျဖြစ်စေခြင်း၊ စက်မှုလုပ်ငန်းများနှင့်စိုက်ပျိုးရေးလုပ်ငန်းများကို ထိရောက်စွာပေါင်းစပ်၍ မူဝါဒချမှတ်ဖော်ဆောင်ပေးခြင်းတို့ဖြင့် နိုင်ငံသားများ၏ကျန်းမာရေးကို ကာကွယ်ရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်း Legambiente ၏ ဥက္ကဋ္ဌ Stefano Ciafani က အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သည်။

အီတလီနိုင်ငံသည် ဥရောပတွင် လေထုညစ်ညမ်းမှုအမြင့်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး အမှုန်အမွှား(PM 2.5)နှင့် နိုက်ထရိုဂျင်အောက်ဆိုက်တို့ကြောင့် ဥရောပတွင် အရွယ်မတိုင်မီသေဆုံးမှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ဥရောပသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ၏ ၂၀၂၂ ခုနှစ် သတင်းအချက်အလက်များအရ လေထု ညစ်ညမ်းမှုကြောင့် အဆိုပါနှစ်အတွင်း လူဦးရေ ၂၁၆၀၀ အရွယ်မတိုင်မီ သေဆုံးခဲ့ကြောင်း၊ ယခုလက်ရှိ လေ့လာစောင့်ကြည့်မှုများအရ အီတလီနိုင်ငံ၏မြို့ကြီး ၉၅ မြို့အနက် ၂၉ မြို့တွင် အမှုန်အမွှားထုတ်လွှတ်မှုများသည် လက်ရှိတွင် ကန့်သတ်ချက်ထက်ကျော်လွန်နေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကြောင့် လူကျန်းမာရေးအပေါ် တိုက်ရိုက်သက်ရောက်လျက်ရှိပြီး ပန်းနာရင်ကျပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ လည်ချောင်းနာရောဂါ၊ ကင်ဆာရောဂါများ အပါအဝင် ပြင်းထန်သောရောဂါအခြေအနေများ ပိုမိုဖြစ်ပွားလာကြောင်း သိရသည်။

AZH

# ဖိလစ်ပိုင်နိုင်ငံတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ လျှော်လှုပ်ခတ်မှုဖြစ်ပွား

**မနီလာ ဖေဖော်ဝါရီ ၂**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် ဖေဖော်ဝါရီ ၁ ရက်က ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်ဘူမိဗေဒဌာနရှိ ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်ဟု The Straits Times သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါငလျင်သည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်ရှိ Davao de Oro ပြည်နယ် Monkayo မြို့အနီးကို ဗဟိုပြု၍ စက္ကန့် ၄၀ ခန့် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကြီးကြီးမားမားပျက်စီးဆုံးရှုံးမှုများရှိနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှုပမာဏကို ချက်ချင်းသတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း၊ ယခုအခါ မီးသတ်ဝန်ထမ်းများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရာရှိများ အနေဖြင့် ပျက်စီးဆုံးရှုံးမှုကို အကဲဖြတ်နိုင်ရန် ငလျင်လှုပ်ခတ်ရာအနီးဝန်းကျင်ဒေသများသို့ လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်၏ အနောက်တောင်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိသော Tagum မြို့တွင် နေထိုင်သူများသည် အဆောက်အအုံပြိုကျမည်ကို စိုးရိမ်သဖြင့် နေအိမ်များပေါ်မှ ထွက်ပြေးခဲ့ကြကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေမြင့်မားပြီး ငလျင်လှုပ်ခတ်မှုပြင်းထန်သော ပစိဖိတ်သမုဒ္ဒရာ၏ အစွန်းဘက်တွင်တည်ရှိကာ ငလျင်လှုပ်ခတ်မှုများ နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

AZH

# စံချိန်တင်မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသောတောင်သူများကို အာဂျင်တီးနားအစိုးရက ရန်ပုံငွေပံ့ပိုးမည်

**ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၂**

အာဂျင်တီးနားနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း စံချိန်တင်မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသောတောင်သူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် အာဂျင်တီးနားအစိုးရအဖွဲ့က ရန်ပုံငွေပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု Nasdaq သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စံချိန်တင်မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအထိနာခဲ့ရပြီးနောက် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသောတောင်သူများ၏ ပျက်စီးဆုံးရှုံးခဲ့ရသော စိုက်ခင်းဧကပေါ်မူတည်၍ ထူထောင်ထားသောရန်ပုံငွေမှ တစ်ဦးချင်းစီကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အာဂျင်တီးနားစီးပွားရေးဝန်ကြီးမက်ဆာက ဇန်နဝါရီ ၃၁ ရက်တွင် ကျေးလက်ဒေသများမှ အာဏာပိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသောတောင်သူများကို ကူညီပံ့ပိုးပေးရန်အတွက် ပီဆို ငါးဘီလီယံခန့်ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



"တောင်သူတွေ မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် တော်တော်လေးဒုက္ခရောက်ခဲ့ရတယ်။ သူတို့လိုအပ်တာကို အပြည့်အဝမကူညီပေးနိုင်ပေမဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ဆုံးဖြတ်ထားပါတယ်။ သူတို့လိုအပ်နေတာ ဒီလိုပံ့ပိုးမှုမျိုးတစ်ခုတည်းမဟုတ်ဘူးဆိုတာနားလည်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာ ကျွန်တော်တို့လုပ်ပေးနိုင်သေးတာ ဒါပဲရှိပါသေးတယ်"ဟု စီးပွားရေးဝန်ကြီးမက်ဆာက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# မာဒါဂါစကားနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ဦးရေ ၃၀ ထိ မြင့်တက်လာ

**အန်တာနာနာရီဗို ဖေဖော်ဝါရီ ၂**

မာဒါဂါစကားနိုင်ငံတွင် ဇန်နဝါရီလတတိယပတ်မှစ၍ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး မုန်တိုင်း စတင်ဝင်ရောက်ခဲ့စဉ်ကတည်းက သေဆုံးသူနှင့် ပျောက်ဆုံးသူများရှိခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်ထိ သေဆုံးသူစုစုပေါင်း ဦးရေ ၃၀ ထိ မြင့်တက်လာခဲ့သလို ပျောက်ဆုံးနေသူ ဦးရေ ၂၀ ရှိနေဆဲဖြစ်ကြောင်း မာဒါဂါစကားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မာဒါဂါစကားနိုင်ငံသို့ ၂၀၂၃ ခုနှစ်အတွင်း ပထမဆုံးဝင်ရောက်သည့်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်နေရကြောင်း၊ မုန်တိုင်းကြောင့် လူနေအိမ်များပျက်စီးကာ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၃၇၀၀၀ ကျော်ထိရှိနေပြီဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများတွင် လုံလောက်သည့်ပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ခြင်းမရှိသည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း မာဒါဂါစကား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ မြေပြိုကျမှုများ ဖြစ်ပေါ်နေသည့်အတွက် လူနေအိမ်နှင့် အခြေခံအဆောက်အအုံ ပျက်စီးမှုနှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူ များပြားနေခြင်း ဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက အမြန်ဆုံးရှာဖွေတွေ့ရှိရေး ကြိုးပမ်းပေးနေသော်လည်း မြေပြိုကျမှုများကြောင့် ရှာဖွေရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေရကြောင်း၊ မာဒါဂါစကားနိုင်ငံအစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့်ကာလတွင် နိုင်ငံတကာ၏ အကူအညီကို တောင်းခံသွားရန် စီစဉ်နေကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**



# တရုတ်နိုင်ငံ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၂**

တရုတ်နိုင်ငံတောင်ဘက်ပိုင်းရှိ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတွင် ဇန်နဝါရီ ၃၀ ရက်မှစ၍ တောမီးပြင်းထန်စွာလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ဇန်နဝါရီ ၃၁ ရက်တွင် အဆိုပါတောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်နယ်မြေ၏အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု Global Times သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးသည် ကျင်အန်းကောင်တီရှိ သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်မှ စတင်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုအန္တရာယ်ကို အဆင့်(၂)အဖြစ် ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၅၀၀ ကျော်အသုံးပြုထားပြီး အခြား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများကလည်း တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရေး ကူညီပေးလျက်ရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုမှာ မီးပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာဖွယ်ရှိကြောင်း အာဏာပိုင်အဖွဲ့အစည်းကသုံးသပ်ထားပြီး ရဲတပ်ဖွဲ့ဝင်များကလည်း တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ တောမီး လောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိသေးသလို လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိသေးသည့်အတွက် ကြီးကြီးမားမား ပျက်စီးမှုမရှိသေးကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များက လူနေအိမ်များဆီသို့ တောမီးကူးစက်လောင်ကျွမ်းမှုမရှိစေရေး ဦးစားပေးငြိမ်းသတ်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ၏ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ **ခိုင်းဆက်**

0 w Kv d @

# ရွှေထက်လိုသော ရေ

ကျော်မိုးလင်း(အ. လ. တ)



(၁)

တာတီးတစ်ယောက် အုတ်ကန်အတွင်းမှ မည်းပုပ်နေသောရေများကိုကြည့်ကာ စိတ်ပျက်လက်ပျက်နှင့် ငေးမှိုင်ငိုင်တွေလျက်ရှိ၏။ ရေနှင့်ပတ်သက်ပြီးစိတ်အေးရပြီဟု သူ အောက်မေ့ထားသော်လည်း တစ်ခါတစ်ရံ မျှော်လင့်မထားသောအရာတို့က ယခုကဲ့သို့ပင်ပေါ်လာခဲ့ပြန်သည်။

"ဒါဟာ ဝဋ်ကြွေးတစ်ခုပဲလား"

တာတီး တိုးတိတ်စွာ ညည်းညူမိသည်။ သူသည် ငယ်စဉ်ကတည်းက ရေရှားလှသော အညာအရပ်ဒေသတွင် မွေးဖွားခဲ့ပြီး ကန်ရေကိုသောက်၍ အရွယ်ရောက်ခဲ့ရရှာသူ။ တာတီးတို့ရွာကလေးသည် ရေတွင်းတူးဖို့ခက်သလို ငွေတွင်းကလည်းနက်လှ၏။ ဆည်ရေမပေါ မိုးကိုမျှော်ပြီး ပဲ၊ နှမ်း၊ ပြောင်းတို့ကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြသည်။ တစ်မိုးကောင်းတစ်ချောင်းစီးဆိုသော်လည်း မိုးနည်းလှသောအရပ်ဒေသဖြစ်သည့်အလျောက် တစ်ချောင်းစီးဖို့ဆိုသည်မှာ မလွယ်လှချေ။ သို့ဖြင့် လူငယ်၊ လူရွယ်တို့သည် သူ့ထက်ငါ နယ်တကာသို့အပြိုင်ထွက်၍ ငွေရှာကြရလေသည်။ တာတီးတစ်ယောက် ပျဉ်းမနားတောင်ညို လမ်းမကြီးနံဘေးမှ ရွာငယ်လေးတစ်ရွာသို့ရောက်ပြီး သိပ်မကြာမီ မိန်းမရလေ၏။ မိန်းမဖြစ်သူ မေသူ၏ရွာသည်လည်း တာတီးတို့ရွာနှင့်နီးသလို ရေရှားသည့် ဒုက္ခနှင့် ကြုံရသည်မှာလည်း အတူတူပင်ဖြစ်သည်။

"တစ်အိမ်ကို ရေနှစ်ပုံးစီပဲ ခပ်လို့ရမယ်နော်။ အလှည့်မကျော်နဲ့ တန်းစီပါ။ ညနေကျရင် တစ်အိမ်ကို ရေနှစ်ပုံးစီထပ်ခပ်လို့ရမယ်နော်"

ထိုရွာကလေးသည် ပျဉ်းမနား-တောင်ညိုလမ်းမကြီး နံဘေးရှိ ကုန်းအမြင့်တစ်နေရာတွင် တည်ရှိသည်။ အိမ်အငှားနေသူ၊ တစ်နိုင်တစ်ပိုင်ပိုင်းဖြတ်၍ ခြံဝင်းဝယ်နေသူတို့ဖြင့် ယခင်ကထက် လူဦးရေထက်ဝက်မက များပြားစည်ကားလာခဲ့သည်။ ထို့ကြောင့် တစ်ရွာလုံးက အားထားနေရသည့်တစ်တွင်းတည်းသော သောက်ရေတွင်းကြီးသည်လည်း အလျဉ်မီရန် မနည်းကြိုးစား၍ ယိုစိမ့်ပေးရရှာလေ၏။ ရေတစ်ပုံးရဖို့အရေး အလှည့်ကျစောင့်၍ တန်းစီကြရလေ၏။

"ဟေ့ အေးသင်းရေ ငါအလုပ်နောက်ကျမှာစိုးလို့ ငါနဲ့နေရာချင်းချိန်းပြီး ရေအရင်ပေးခပ်ပါလားအေနော်"

တစ်ယောက်နှင့်တစ်ယောက် အလှည့်ကျော်ခပ်၍ မရသော်လည်း နားလည်မှုရှိရှိနှင့်ညှိ၍ ခပ်မည်ဆိုလျှင်ဖြင့် အဆင်ပြေကြသည်။ ဤသို့ ခွင့်ပြုချက်မယူဘဲ ရေခပ်ရာမှ တစ်ဖက်လူမကြည်ဖြူ၍ တစ်ရွာတည်းနေသူအချင်းချင်း ငြင်းခုံရန်ဖြစ်ကြရသည်ကလည်း အခါခါပင်။

(၂)

မိုးလင်းကမိုးချုပ် ရွာအနောက်ဘက်အောက်ချိုင့်ထဲတွင်ရှိသော ထိုရေတွင်းကြီးသည် ရေခပ်လာသူများနှင့်မပြတ်ချေ။ ဤသို့ဖြင့် တာတီးသည် ဆောင်းတွင်း ညဘက် ၁၂ နာရီအချိန်ခန့်တွင် ရေပုံးနှစ်ပုံးကို ထမ်းပိုးတွင်လျှို၍ တိတ်တဆိတ်ရေတွင်းသို့ထွက်လာခဲ့လေ၏။ သို့သော် ရေတွင်းနံဘေး၌ မီးဖိုဖို၍ ရေခပ်ရန် အသင့်စောင့်နေသူ လူနှစ်ဦးကို တွေ့လိုက်ရသဖြင့်-

"ဟာဗျာ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တော်တော်လေး ဝီရိယရှိလှပြီလို့ အောက်မေ့နေတာ။ ခင်ဗျားတို့ကကျွန်တော့်ထက် အရင်ဦးတော့လဲ မတတ်နိုင်ဘူး။ စောင့်ရတော့မှာပေါ့ဗျာ"

တာတီးသည် ပြုံးစစဖြင့် လှမ်းအော်ညည်းတွားရင်း နှုတ်ဆက်လိုက်လေ၏။

"ကျုပ်တို့က စောင့်နေတာကြာပြီဗျ။ နှစ်ယောက်သား မီးလှုံရင်း စကားကောင်းနေကြတော့ ရေလဲ တော်တော်များနေလောက်ပါပြီဗျာ ခပ်သွားပါ။ ကိုတာတီးရဲ့ဝီရိယကို ကျုပ်တို့က အသိအမှတ်ပြုလိုက်ပါတယ်ဗျာ ခပ်သွားလိုက်ပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဆောင်းတွင်းဆို ရေတွင်းအနီး၌ မီးဖို၍စောင့်ကြ၏။ နွေအခါဆိုလျှင် အရိပ်စင်ထိုး၍ ရေကို စောင့်ခပ်ကြရလေသည်။ ရေတွင်းကြီး၏ဘေးပတ်ပတ်လည်တွင် အရွယ်အစားတူညီမှုမရှိသော်လည်း အရောင်အသွေးစုံလင်လှသည့် ရေပုံး၊ ရေအိုးတို့ဖြင့်အလှည့်ကျရေခပ်ရန် ရွာသူ၊ ရွာသားများက စောင့်ဆိုင်းလျက်ရှိကြလေသည်။ သို့တိုင်အောင် ပြဿနာတချို့၏ ဆူညံသောအသံဗလံတို့သည် နံနက်အလင်းရောင် ဖျိုးဖျချိန်၌ ဖောက်ထွက်၍ ပေါ်လာလေ၏။

"ဖို့ မမေသူ မမေသူရေ၊ ရွာအနောက်ဘက်ရေတွင်းမှာ ခင်ဗျားအစ်မနဲ့ အေးမာတို့ညီမတစ်တွေ စကားများရန်ဖြစ်နေကြတယ်"

ခေါင်းခုပုဆိုးစုတ်လေးကို ပခုံးပေါ် တင်လျက် အေးသင်းတစ်ယောက် အပြေးအလွှားလာပြောရှာ၏။

"ဘာဟဲ့ ငါ့အစ်မနဲ့ ရန်ဖြစ်နေတာဟုတ်လား။ ကိုတာတီး ဟင်းအိုးလေးခဏကြည့်ထားလိုက်ပါအုံး။ ကျုပ် လိုက်သွားလိုက်အုံးမယ်"

ပြောပြောဆိုဆိုနှင့်ထွက်သွားသော မိန်းမဖြစ်သူကို ကြည့်ပြီး တာတီး လှမ်းအော်ပြောလိုက်သေးသည်။

"မေသူ စကားအချေအတင်တွေများပြီး နင်ပါ ဝင်ရန်ဖြစ်မနေနဲ့နော် အေးအေးဆေးဆေး၊ ပြေပြေလည်လည်ပြော ကြားလား"

တာတီးလှမ်းအော်ပြောလိုက်သော စကားပင်မဆုံးလိုက် မေသူနှင့် အေးသင်းရွာအောက်ချိုင့်ထဲသို့ ပြေးလွှားပျောက်ကွယ်သွားကြတော့သည်။ မကြာခဏ သောက်သုံးရေနှင့်ပတ်သက်ပြီး ယခုလိုငြင်းခုံစကားများရန်ဖြစ်ကြရလေသည်။ မိန်းမအချင်းချင်း နပန်းလုံးကြ၊ ဆံပင်များကိုအပြန်အလှန်ဆွဲကာ လုံးထွေးသတ်ပုတ်ကြသည်ထိဖြစ်ကြရသည်။ သို့သော် ရေခပ်လာသူများက ဝိုင်းဝန်းဖျန်ဖြေပေးကြရမြဲပင်။ ချိုးရေအတွက် ရွာမြောက်ဘက်က ဆည်မြောင်းရေရှိ၍ပင် တော်သေးသည်။ မဟုတ်လျှင် ပို၍ဆိုးချေမည်။

(၃)

"ကိုတာတီး တော် အဲဒီနားမှာထိုင်ပြီး စဉ်းစားနေတာကြာပြီ။ ဘယ်လိုလဲ အဖြေရပြီလား"

ဟုတ်သည်။ မိန်းမဖြစ်သူက ပြောမည်ဆိုလည်း ပြောချင်စရာပင်။ တစ်နေ့တစ်နေ့ ဖင်လေးနေတာနှင့် သည်ရေတွင်းကိုမပြင်ဖြစ်သည်မှာ နှစ်ပေါက်ခဲ့လေပြီ။ နွေနှင့် ဆောင်းဆိုလျှင် ပုံမှန်အားဖြင့် ချိုးရေ၊ သုံးရေအဖြစ်အသုံးပြု၍ရနေသေးသမျှ သူ ခပ်ပေါ့ပေါ့ပင်သဘောထားခဲ့သည်။ သောက်ရေအတွက်တော့ သိပ်ပြီးစိတ်မပူရ။ ရေသန့်ဘူးကြီးများကိုသာ ဝယ်ယူအသုံးပြု၍ရသောကြောင့် အဆင်ပြေသေးသည်။ ပြီးခဲ့သည့်နှစ် မိုးတွင်းပိုင်းကစ၍ ယခုလို ရေဒုက္ခစတွေ့ခဲ့ရသည်။ ယခင်နှစ်က ယခုနှစ်ထက်ပင် ရေဒုက္ခမိုးပိုကြီးခဲ့လေသည်။ ထိုစဉ်က လမ်းထိပ်ဘက်တိုက်အိမ်ဆောက်နေသည့်နေရာမှ ရေမြောင်းပေါ်ပိတ်၍ သဲ၊ ကျောက်တို့ကို ပုံချထားသည်လည်းပါမည်။ မိုးကမပြတ်၊ ရေမြောင်းများကပိတ်နှင့် အိမ်ထဲထိပင် ရေများပြည့်လျှံနေခဲ့သည်။ ယခုတော့ မလုပ်လို့မဖြစ်တော့ချေ။ အိမ်ရှေ့မြောင်းထဲက ဗွက်ပုပ်ရေများကပါ ရေတွင်းအဆက်မလုံသည့်နေရာမှ ဒလဟောစီးဝင်နေသည်။ ရေတွင်းထဲ ငါးသားပေါက်ကလေးများနှင့် အမည်မသိသောပိုးမွှားတို့က သူတို့အတွက် ပျော်စံရာကမ္ဘာလေးတစ်ခုအဖြစ် ထင်မှတ်နေကြလေ၏။ မည်းပုပ်နံစော်နေ၍ ချိုးရေအဖြစ်ပင် အသုံးမပြုသင့်တော့။ ရေကိုချွေတာသောအားဖြင့် တာတီးတို့မိသားစုသုံးယောက်သည် သုံးရက်နေမှ ရေတစ်ခါမျှသာ ချိုးကြရလေသည်။ မိုးရေများများခံလို့ရသောနေ့မျိုးဆိုလျှင် သူတို့ရေဝဝချိုးကြရသည်။ အိမ်ရှေ့ရေမြောင်းနံဘေးကပ်ပြီး ရေတွင်းတူးမိသည်လည်းပါမည်။ ပြီးခဲ့သည့် တစ်လကျော်လောက်ကမှ ရေတွင်းပြင်သည့်လူများကိုခေါ်ပြီး ဖာထေးခိုင်းထားသေးသည်။ အဆင်မပြေ။ ယခင် ရေငုပ်တွင်းတစ်တွင်းလည်း တူးခဲ့ဖူးသေးသည်။ တစ်လပင်မပြည့်သဲပိတ်၍ ရေမလိုက်သောကြောင့် ယခုလို ကွန်ကရစ်ခွေတွင်း ထပ်မံတူးခဲ့ရခြင်းဖြစ်သည်။ ရေနှင့်ပတ်သက်ပြီး အဆင်မပြေမှုများကြုံလာတိုင်း တာတီးစိတ်ညစ်ရသည်ချည်းပင်။ နောက်တစ်နှစ် မိုးတွင်းရောက်မည်ကိုပင် သူကြောက်ရွံ့၍နေ၏။ နောက်နှစ် မိုးတွင်းမရောက်မီ သည်အိမ်ဝင်းကိုရောင်းရန် တာတီးဆုံးဖြတ်ချက်ချလိုက်တော့သည်။

"ဒီမိုးကုန်တဲ့ထိတော့ သည်းခံပြီးစောင့်လိုက်ပါ မိန်းမရာ။ မိုးတွင်းဆိုတော့ ဖာဖို့၊ ပြင်ဖို့ဆိုတာက မလွယ်ဘူးကွ။ ဟိုတစ်ခါလိုဖြစ်နေမှ ပိုက်ဆံအပိုကုန်နေအုံးမယ်"

"တော့်သဘောပါပဲ လောလောဆယ်တော့ မိုးရေကိုပဲခံပြီး ချိုးကြတာပေါ့။ မိုးမရွာတဲ့နေ့ဆိုရင် ဒီရေကိုပဲ စစ်ပြီးသုံးရအောင် ရေစစ်အိုးလေးတစ်လုံးလောက်တော့ လုပ်ထားအုံးပေါ့"

ရေစစ်ရန်အတွက် အောက်မှအပေါက်ပါသော အိုးတစ်လုံးကိုဝယ်၍ ရေစစ်အိုးလုပ်ရတော့သည်။ ရေစစ်အိုးအောက်ခြေတွင် သန့်ရှင်းသည့်ပိတ်စကို အရင်ဆုံးခင်းလိုက်ပြီး သဲ၊ မီးသွေး၊ ကျောက်စရစ်ခဲတို့ကိုထည့်၍ပြုလုပ်ရသည်။ ထိုစစ်အိုးမှ တစ်စက်ချင်းကျလာသောရေတို့ကို ချိုးရေ၊ သုံးရေအဖြစ် တာတီးတို့မိသားစုမျာ ချွေတာသုံးကြရလေသည်။

(၄)

ယခုတော့ ရွာမြေအစား ချထားပေးသည့်မြေကွက်လေးက ဈေးအတန်အသင့်မြင့်လာခဲ့လေသည်။ ဤသို့ဖြင့် ရောင်း၍ တခြားရပ်ကွက်လေးတစ်ခု၌ ပြန်ဝယ်ပြီးနေဖြစ်ခဲ့ကြသည်။ ခြံနှင့်အိမ်တစ်ပါတည်းပါသည့်အပြင် စည်ပင်ရေပါရရှိသောကြောင့် သူတို့မိသားစုအတော်လေးစိတ်ချမ်းသာနေကြသည်။

"မေသူ တို့အိမ်ဝင်းရောင်းလို့ပိုတဲ့ ပိုက်ဆံလေးတွေနဲ့ ရွှေလေး၊ ဘာလေးလုပ်ဝတ်ရင်ကောင်းမလားလို့။ တို့အိမ်ထောင်သက် ၁၀ နှစ်ကျော်တဲ့ထိ မင်းလည်ပင်းမှာ ဆွဲကြိုးလေးတစ်ကုံးတောင် မကပ်နိုင်ခဲ့ဘူး မဟုတ်လား အဲဒါ"

"အမယ်လေး ကိုတာတီးရယ်။ အဲဒီရွှေတွေမဝတ်ရလဲ ကိစ္စမရှိပါဘူးဗျာ။ ကိစ္စရှိတာက ကိုယ်တွေ ဟိုးအရင်ကလို ရေအခက်အခဲရှိနေသေးတဲ့သူတွေ၊ ရွာတွေရှိရင် ရေတွင်းအလှူလေး၊ ဘာလေးလုပ်ပေးရင်ကောင်းမလားလို့။ ဒါနဲ့ ခင်ဗျားတို့ရွာကော အရင်လိုရေရှားနေတုန်းပဲလားဟင်"

"အေးကွာ အခုနောက်ပိုင်း မိုးကနည်းတော့ သောက်နေကျတောင်ကန်ကြီးတောင် စောစောရေခန်းမှာ ကြောက်နေရတယ်ပြောတယ်"

စာမျက်နှာ ၂၅သို့ ➤

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ရရှိထား



**ရန်ကုန် ဖေဖော်ဝါရီ ၂**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း ၁၁၀၀ ရရှိထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်း (ရန်ကုန်တိုင်းဒေသကြီး) ဇဟိုအလုပ်အမှုဆောင် ဦးသက်လွင်က ပြောပြ၍ သိရသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ပဲမျိုးစုံတန်ချိန် ၁၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၇ သန်း စုစုပေါင်းပဲမျိုးစုံတန်ချိန် ၁၂ ဒသမ ၇ သန်းတင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ရရှိထားကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံ တင်ပို့ရာမှာ မတ်ပဲတင်ပို့မှုက အများဆုံးဖြစ်ပြီး တန်ချိန် ၅၅၀၀၀၀ ကျော်ထိရှိပါတယ်။ ပဲတီစိမ်းကတော့ ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့တာဖြစ်ပြီး တန်ချိန် ၄၃၀၀၀၀ ကျော်ဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံကိုတော့ အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေပြီး ပဲတီစိမ်းကိုတော့ တရုတ်နိုင်ငံနဲ့ ဥရောပနိုင်ငံတွေကို တင်ပို့နေပါတယ်။ မြန်မာနိုင်ငံမှာ ပဲမျိုးစုံထွက်ရှိနေပေမဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတွေကတော့ ပြည်ပနိုင်ငံတွေကို အဓိကတင်ပို့နေတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း(ရန်ကုန်တိုင်းဒေသကြီး)ဇဟိုအလုပ်အမှုဆောင် ဦးသက်လွင်က ပြောပြသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းမှာ မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံများ စိုက်ပျိုးကြကြောင်း၊ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း အနည်းငယ်စီ စိုက်ပျိုးကြကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၂၄မှအဆက်

မိန်းမဖြစ်သူပြောတော့မှ တာတီးသတိရမိသည်။ သည်လိုဆိုလျှင် ကိုယ့်ရွာလေးမှာ ရေတွင်းတူးပြီး လှူမည်။ ကိုယ့်ရွာ၏ရေခက်ခဲမှုကို ကူညီခွင့်ရမည့် အရေးကိုတွေးကာ ဝမ်းသာကြည်နူးလို့နေ၏။ ဤသို့ဖြင့် တာတီးတို့မိသားစုသုံးယောက်သည် အညာဒေသကဇာတိရွာကလေးဆီ လှမ်းခဲ့ကြတော့သည်။

(၅)

မနက်ခင်းထမင်းများစားသောက်ပြီးကြ၍ တစ်ရွာလုံးက အားထားနေရသည့် တောင်ကန်ကြီးဘက်သို့ ရွာလူကြီးဦးလှသိန်းနှင့်အတူ တာတီးတို့သွားကြည့်ဖြစ်ခဲ့သည်။ ရေစည်လှည်းများနှင့် ခေါက်တုံ့ခေါက်ပြန်သွားလာ၍ ရေခပ်ထည့်နေသူတချို့ကို တာတီးမြင်တွေ့နေရသည်။ တချို့က ရေပုံးနှစ်ပုံးကို ထမ်းပိုးဖြင့်လျှို၍ ထမ်းသွားကြ၏။

"ဦးလှသိန်း ကျွန်တော်တို့ငယ်ငယ်လောက်က ရွာဦးဘုန်းကြီးကျောင်းမှာ အဝီစိတွင်းတူးဖူးသေးတယ်ဆို ဟုတ်လားဗျ"

"အေး ဟုတ်တယ်။ အဲဒီတုန်းက ပေတော်တော်လောက်ရောက်ခါမှ ကျောက်ဖျာခံနေလို့ဆိုလားကွာ။ ငွေကြေးကလဲခက်တော့ လက်လျှော့လိုက်ကြရတယ်ပြောတယ်။ တော်တော်တောင်ကြာခဲ့ပါပြီကွာ။ အေး အခုလဲ တူးပြီးအဆင်မပြေဖြစ်မှာကိုတော့ စိုးရိမ်တယ် မောင်တာတီးရာ"

"ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံး ဆုံးဖြတ်ချက်ချပြီးသွားပြီ။ ကျွန်တော်တို့မှာ ရှိတဲ့ပိုက်ဆံနဲ့ တတ်နိုင်သလောက်တော့ ကြိုးစားကြည့်ချင်တယ်ဗျာ။ ရတော့လဲရ၊ မရတော့လဲကံပေါ့ ဦးလှသိန်းရာ"

"အေးကွာ ရေနဲ့ပတ်သက်ပြီး မင်းတို့လင်မယားနှစ်ယောက်ရဲ့ စေတနာနဲ့ ဇွဲသတ္တိကိုတော့ ဦးက လေးစားတယ်ကွာ"

ထို့နောက် ရွာဦးကျောင်းဆရာတော်နှင့် ကျေးရွာလူကြီးများ၊ တတ်သိနားလည်သောရေတွင်းဆရာများကိုခေါ်ကာ ဆွေးနွေးတိုင်ပင်ကြသည်။ တောင်ကန်ကြီး၏နံဘေးမြေနိမ့်(အောက်ချိုင့်)ပိုင်းတစ်နေရာတွင် ရေတွင်းတူးရန် အကောင်အထည်စ၍ ဖော်ကြလေ၏။ ညောင်ပင်သာရွာ တစ်ရွာလုံးကလည်း ရေတွင်းတူးဆရာများအတွက် နေရေး၊ စားရေးတို့ကိုဝိုင်းဝန်းကာ တာဝန်ယူပေးကြလေသည်။

(၆)

အားကြိုးမာန်တက်ဖြင့် ရေတွင်းတူးလာခဲ့သည်မှာ တစ်လတင်းတင်း ပြည့်တော့မည်။ အောက်ခြေတွင် ကျောက်ဖျာဟုယူဆရသော မာကျောသည့်အရာတစ်ခုက တင်းခံနေသည်။ ရေတွင်းတူးဆရာများကလည်း လက်လျှော့ချင်နေကြပြီ။ အခြေအနေက သိပ်ပြီးအားရစရာမရှိလှ။ ညောင်ပင်သာတစ်ရွာလုံးလည်း မပြုံးနိုင်၊ မပျော်နိုင် မှိုင်တွေလျက်ရှိကြလေ၏။ ရေတွင်းတူးသည့်နေရာသို့ ရွာသားတချို့လာရောက်ကြည့်ရှုကာ စိတ်ပျက်လက်လျှော့သည့် ဝေဖန်ရေးများ အမျိုးမျိုးပေးသွားကြလေသည်။

"ငါမပြောဘူးလား ကဲ. . . မရလောက်ပါဘူးဆို"

"ဟုတ်တယ်ကွ ဟိုးအရင်တုန်းကလဲ ဒီလိုမျိုး စက်ရေတွင်းတူးဖူးသေးတယ်လို့ပြောတယ် ရမှမရတာ"

"ဘာပဲပြောပြောကွာ ကိုတာတီးတို့မိသားစုကိုတော့ ကျေးဇူးတင်တယ်"

ရွာဦးကျောင်းဆရာတော်နှင့် တာတီးတို့ညှိနှိုင်းကာ တစ်ပတ်တိတိ ထပ်မံကြိုးစားကြည့်ရန် ရေတွင်းတူးဆရာများကို တောင်းဆိုခဲ့ကြလေသည်။ နောက်ထပ်တစ်ပတ်တိတိကြိုးစား၍မရသော်မှ လက်လျှော့ကြမည်ဟုဆိုကာ စိတ်ပိုင်းဖြတ်ထားလိုက်ကြသည်။ တာတီးအတွက် ထိုတစ်ပတ်သည် စိတ်လှုပ်ရှားစရာကောင်းသလို ညောင်ပင်သာ တစ်ရွာလုံးကလည်း စိတ်ဝင်တစားရှိကြသည်ပင်။

"ဩော်. . . ဘာလိုလိုနဲ့ ဒီနေ့ဆို တစ်ပတ်တောင်ပြည့်သွားခဲ့ပြီပဲ။ စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘယ်တတ်နိုင်ပါ့မလဲလေ"

တာတီးတစ်ယောက် တစ်နေ့တာလုံး ထွန်းလင်းခဲ့သည့် ဝင်လုလုနေလုံးကြီးကိုငေးကြည့်ရင်း မှိုင်တွေလျက်ရှိလေ၏။ သူကြိုးစားလုပ်ဆောင်ခဲ့သည့် မျှော်လင့်ချက်ရောင်ခြည်ကလေးသည်လည်း တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားချေတော့မည်။ တစ်ခါတလေ ကိုယ်ဖြစ်ချင်နေသည့်အရာများက ဖြစ်ခွင့်မရဘဲ ကိုယ်မဖြစ်စေချင်သောအရာများကျပြန်တော့ ဖြစ်နေတတ်ပြန်သည်။ ဘာပဲပြောပြော နောက်ဆုံးမှာတော့ အရာအားလုံးဟာ ကံစီမံရာဟုပင် တာတီးသဘောပေါက်ရတော့ပေမည်။

"တာတီးရေ တာတီး"

အသံကြားရာဘက်ဆီသို့ သူလှမ်းမျှော်ကြည့်လိုက်သည်။ ရွာတောင်ပိုင်းက ငယ်သူငယ်ချင်းဖြစ်သည့် မင်းမင်း သွက်လက်သောခြေလှမ်းတို့ဖြင့် တက်ကြွစွာလှမ်းအော်ပြောနေလေသည်။

"တာတီးရေ ငါတို့တစ်ရွာလုံးရဲ့ မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာပြီကွ။ မင်းကလဲ တစ်ညနေလုံး ဘယ်တွေလျှောက်သွားနေမှန်း မသိဘူး။ ငါ့မှာလိုက်ရှာလိုက်ရတာကွာ။ ရေတွင်းတူးတာအောင်မြင်သွားလို့ ငါတို့တစ်ရွာလုံးပျော်နေကြပြီကွ ဟား ဟား"

"မင်းမင်း မင်းတကယ်ပြောနေတာလားကွာ"

သူငယ်ချင်းနှစ်ယောက်သား ရွာတောင်ဘက်ရေတွင်းလေးဆီသို့ အပြေးအလွှားသွားကြတော့သည်။ ရေတွင်းလေးနံဘေး၌ ရွာဦးကျောင်းဆရာတော်၊ ကျေးရွာလူကြီးဦးလှသိန်း၊ မေသူတို့သားအမိနှင့် ရွာသူရွာသားများ ပျော်ရွှင်တက်ကြွလျက်ရှိကြလေ၏။

"ဟေး ဟေး အောင်ပြီကွ အောင်ပြီ"

"ဟိုမှာ ကိုမင်းမင်းနဲ့ ကိုတာတီးတို့ လာနေကြပြီဟေ့"

တစ်ရွာလုံးက အားတက်သရောဖြင့် ကခုန်ပျော်မြူးနေကြသည်။ ထိုအခြင်းအရာတို့ကိုမြင်လိုက်ရသည့်တဒင်္ဂ တာတီး၏ပါးပြင်ထက်က ပီတိမျက်ရည်ဥတို့သည် ရုတ်တရက်တွဲခိုပြုတ်ကျလျက်ရှိလေတော့သည်။

## မြန်မာ့စိတ်ထား အလှများ

- တစ်နပ်စာ ဟင်းရွက်ခူးတော့
  မငြင်းလျက်ကြည်နူး သူသူငါ၊
  အပြန်လှန် နားလည်သဘော
  မနောဖြူစွာ၊
  ခူးဆွတ်ပါ့ လတ်ဆတ်တာ
  ထပ်လျက်သာ ယူဆောင်သွား၊
  ရင်းနှီးခင် မိသားစု
  ရှေးရှုစိတ်ထား။

- ဟင်းကောင်းတာ ချက်၍စားတော့
  ခပ်၍ပါး ဘေးအိမ်ကို၊
  သွေးမတော် သားမစပ်လည်း
  အရပ်တွက်ပို၊
  စေတနာနှင့် ဆွေမျိုးလို
  ဝေမျိုးထိုထို လုပ်ဆောင်ခြင်း၊
  တစ်ခုရှိလျှင် တစ်စိတ်ကျ
  မိတ္တဆွေရင်း။

- ခရီးသွားသူ ခေါ်ဆောင်ရင်း
  စားပါထမင်း ပြောပြုခေါ်၊
  မသိစေ ခရီးသွား
  သဒ္ဓါပွားပျော်၊
  ရေအေးအေး သောက်ပါနော်
  ရောက်လာသော် ဧည့်ခံမှု၊
  ဧည့်ဝတ်ကို ကျေပွန်တတ်
  မွန်မြတ်ပြုစု။

- အကောင်းမြင် ဘဝင်မှာရှုလို့
  ကြင်နာပြု စိတ္တဉာဏ်၊
  ပြည်မြန်မာ ဓလေ့ကောင်း
  ကိန်းအောင်းခြံရံ၊
  မြန်မာ့စိတ်ထား မြင့်မားအမှန်
  ဝင့်ကြွားကေန် တန်ဖိုးပေါင်း၊
  စိန္တေရှင် ဓမ္မရိပ်နှင့်
  အလှစိတ်ကောင်း။ ။

**ခေတ်သစ်(ကြွေပုဂံ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကာ၊လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အုတ်မြစ်အခြေခံခိုင်ခံ့ရန်

## ကိုယဉ်ချစ်(မန္တလေး)

နိုင်ငံတစ်နိုင်ငံမှာ လူငယ်တွေဟာ နိုင်ငံတော်ရဲ့ အနာဂတ်ကို ဖန်တီးကြမဲ့သူတွေဖြစ်ပါတယ်။ ပျိုမျစ်နုနယ်တဲ့အရွယ်ရှိသူတွေကို လူငယ်လို့ ယေဘုယျသတ်မှတ်နိုင်ပါတယ်။ နိုင်ငံလူဦးရေရဲ့ထက်ဝက်ကျော်က လူငယ်တွေဖြစ်ကြပါတယ်။ လူငယ်တွေကို စိမ်းလန်းစိုပြည်သာယာလှပစေတဲ့ဥယျာဉ်ကြီးထဲက ပန်းကလေးတွေနဲ့ တင်စားကြပါတယ်။ အဆောက်အအုံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲဖို့ အခြေခံအုတ်မြစ်က အရေးကြီးသလို နိုင်ငံတော်ရဲ့ အနာဂတ်အတွက် လူငယ်တွေရဲ့အခန်းကဏ္ဍကလဲ အရေးကြီးပါတယ်။

လူငယ်တွေဟာ တက်ကြွတယ်၊ သွက်လက်ထက်မြက်တယ်၊ ခွန်အားရှိတယ်၊ အပြစ်ကင်းစင်တယ်၊ စူးစမ်းလိုစိတ်ရှိတယ်၊ ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံလိုကြတယ်၊ အများရဲ့အကျိုးကို ဆောင်ရွက်လိုတယ်၊ အားသာချက်တွေရှိသလို စဉ်းစားတွေးခေါ်မှုအားနည်းတယ်၊ အတွေ့အကြုံနည်းပါးတယ်၊ အတုခိုးလွယ်တယ်၊ အလွယ်တကူယုံကြည်တတ်တယ်၊ မှန်တယ်ထင်ရင် တစ်ဇွတ်ထိုးလုပ်တတ်တယ်၊ ထင်ပေါ်ကျော်ကြားလိုတယ်၊ နီးစပ်ရာပတ်ဝန်းကျင်ကို ယုံလွယ်တယ်ဆိုတဲ့ အားနည်းချက်တွေလဲ ရှိနေကြပါတယ်။ လူငယ်တွေရဲ့ အားသာချက်တွေကို တည့်မတ်မှန်ကန်အောင် ထိန်းကျောင်းပေးနိုင်ရင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရတဲ့ အင်အားတွေဖြစ်စေသလို အားနည်းချက်တွေကိုလဲ ပြုပြင်တည့်မတ်ပေးဖို့ လိုအပ်ပါတယ်။

လူငယ်တွေကို အဖြူရောင်နဲ့ တင်စားကြပါတယ်။ အဖြူရောင်အပေါ်မှာ အခြားအရောင်တစ်ခုခု ဆေးစက်ကျသွားရင် စွန်းထင်းသွားတဲ့အရောင်ကြောင့် သန့်ရှင်းစင်ကြယ်တဲ့အဖြူရောင်ကို အကျည်းတန်အရုပ်ဆိုးစေပါမယ်။ လူငယ်တစ်ယောက်ကို လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ ပြုစုပျိုးထောင်ပေးရတာဟာ အခု ရေတွင်းတူး အခု ရေကြည်သောက်ချင်သလို လုပ်မရဘဲ အချိန်ယူလုပ်မှရပါတယ်။ လူတော်လူကောင်းတွေဖြစ်ဖို့က မိဘ၊ ဆရာနဲ့ ပတ်ဝန်းကျင်တွေအပေါ်မှာလဲ မူတည်ပါတယ်။ ဒ့ပြင် နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကလဲ အရေးကြီးပါတယ်။ နိုင်ငံတကာမှာလဲ လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းတွေကို အစီအစဉ်တွေ ချမှတ်ဆောင်ရွက်နေကြတာ လေ့လာသိရှိနိုင်ပါတယ်။

သူတို့နဲ့အနီးစပ်ဆုံးနေရာမှာ မျိုးရိုးဗီဇနဲ့ ပတ်ဝန်းကျင်တွေရှိနေပါတယ်။ မျိုးရိုးဗီဇဆိုတာ မိဘတွေရဲ့ နောက်ခံအကြောင်းတရားတွေကို အခြေခံပါတယ်။ ပတ်ဝန်းကျင်မှာတော့ ဒုတိယမိဘလို့ဆိုနိုင်တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေနဲ့သူငယ်ချင်းအပေါင်းအသင်းတွေလို့ ဆိုနိုင်ပါတယ်။ မျိုးရိုးဗီဇနဲ့ ပတ်ဝန်းကျင်ဟာ လူငယ်တွေရဲ့ရှေ့ရေးကို ဆုံးဖြတ်ပါတယ်။ မိဘတွေက ဥစ္စာနေကြီးပွားတိုးတက်တာကို အကြောင်းခံပြီး သွန်သင်ဆုံးမတည့်မတ်ထိန်းကျောင်းမှုအားနည်းရင် လမ်းကြောင်းလွဲသွားတတ်ပါတယ်။ အလားတူ ဆရာတွေနဲ့ ပတ်ဝန်းကျင်အခြေအနေတွေကြောင့် လမ်းမှားဆီကို လမ်းကြောင်းပြောင်းဦးတည်သွားတတ်ပါတယ်။

မိဘတွေ၊ ဆရာတွေက သူတို့ဘဝသာယာလှပအောင် ထုဆစ်ပုံဖော်ပေးနိုင်မယ်၊ ပတ်ဝန်းကျင်ကောင်းတွေနဲ့ဆုံတွေ့မယ်ဆိုရင်တော့ သူတို့ရဲ့ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေ ပြီးမြောက်အောင်မြင်ကြပြီး ကောင်းမွန်တဲ့ဘဝတွေကို တည်ဆောက်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေမှာ မိဘ၊ ဆရာတွေနဲ့ ပတ်ဝန်းကျင်ကောင်းတွေပိုင်ဆိုင်နိုင်ကြဖို့ အင်မတန်အရေးကြီးပါတယ်။ ဒ့ပြင် လူငယ်တွေကိုယ်တိုင်မှာလဲ အောက်ပါအရည်အချင်းတွေရှိဖို့ လိုအပ်ပါတယ်။

**ကျန်းမာကြံ့ခိုင်မှု**

ကျန်းမာကြံ့ခိုင်မှုဟာ ဘဝရှင်သန်ရေးအတွက် ပဓာနကျပါတယ်။ ငွေကြေးနေစည်းစိမ်ဥစ္စာတွေ ဘယ်လောက်ပြည့်စုံနေပါစေ ကျန်းမာရေးမပြည့်စုံရင် ဘဝဟာ အဓိပ္ပာယ်မဲ့နေတတ်ပါတယ်။ ကျန်းမာကြံ့ခိုင်နေမှ စိတ်ချမ်းသာမယ်၊ စိတ်ချမ်းသာမှ လိုရာခရီးကို လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ စိတ်ကော၊ ကိုယ်ကော ကျန်းမာသူတွေဟာ ကိုယ်လျှောက်မဲ့ခရီးကို ခွန်အားအပြည့်နဲ့ အချိန်တိုတိုနဲ့ရောက်ကြပါတယ်။ ကျန်းမာရေးကို အဟန့်အတားဖြစ်စေမဲ့ အပျော်အပါး၊ အသောက်အစားတွေကို ရှောင်ကြဉ်ကြရပါမယ်။ တစ်ကိုယ်ရေကျန်းမာရေးကို လူငယ်တိုင်းက အလေးထားကြရင် နိုင်ငံတော်က ခွန်အားကြီးမားတဲ့စွမ်းအားတွေကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာကြံ့ခိုင်မှုကို အနှောင့်အယှက်ဖြစ်စေမဲ့ အလုပ်တွေကို အသိတရားနဲ့ ရှောင်ရှားနိုင်ရင် ကိုယ့်အတွက်ကော နိုင်ငံတော်အတွက်ပါ အကျိုးရှိပါမယ်။

**ရိုးသားမှု**

မြန်မာမှုနယ်ပယ်မှာ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ ဆိုရိုးစကားရှိပါတယ်။ ရိုးသားမှုဟာ လူ့ဘောင်လောကရဲ့ လေးမြတ်တဲ့ဂုဏ်ဒြပ်ဖြစ်ပါတယ်။ ရိုးသားမှုဆိုတာ မကောင်းတာတွေကိုမလုပ်ဘဲ ကောင်းတဲ့အလုပ်ကိုသာ ရွေးချယ်လုပ်ကိုင်နိုင်တာဖြစ်ပါတယ်။ တွေးခေါ်ကြံစည်မှု၊ စကားပြောဆိုမှု၊ ကိုယ်ဟန်ပန်အမူအရာ၊ သွားလာနေထိုင်မှု၊ ဝတ်စားဆင်ယင်မှုတွေက ရိုးသားမှုသရုပ်ကို ဖော်ပြပါတယ်။ ငွေကြေးနေဥစ္စာမပြည့်စုံလို့ ဆင်းရဲချင်ဆင်းရဲနေပါလိမ့်မယ် ပင်ကိုစိတ်ရင်း စိတ်ဓာတ်ကောင်းကိုပိုင်ဆိုင်ထားတာကြောင့် ပူပင်သောကတွေ ကင်းဝေးကြပါတယ်။ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးမှာ ပညာက မြင့်မြင့်မားမားကြံစည်နိုင်တာဖြစ်ပြီး သီလနဲ့ သမာဓိကတော့ ရိုးသားမှုပဲဖြစ်ပါတယ်။ ရိုးသားသူဟာ သူတစ်သက်တာသာမကဘဲ သားစဉ်မြေးဆက်ထိ သူ့ရဲ့ဂုဏ်သိက္ခာက လွှမ်းမိုးထားနိုင်ပါတယ်။ ဒါကြောင့် လူငယ်တွေဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ် ရိုးသားမှုနဲ့ လုပ်ကိုင်နိုင်ဖို့ လိုပါတယ်။

**ပညာသင်ယူမှု**

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုတဲ့စကားလို လူငယ်အရွယ်မှာ ပညာနဲ့ဥစ္စာရှာဖွေကြရပါမယ်။ ပညာတတ်သူနဲ့ ပညာနည်းသူတွေရဲ့အရည်အချင်းဟာ ကွာဟမှုရှိပါတယ်။ ပညာရှာချိန်မှာ ကိုယ့်ရည်မှန်းချက်ပြည့်အောင် ကြိုးစားသင်ယူလေ့လာကြရမှာဖြစ်ပြီး မလိုအပ်တဲ့အချိန်ဖြုန်းတီးမှု၊ အပျော်အပါးလိုက်စားမှုတွေကို ရှောင်ကြဉ်ကြရပါမယ်။ အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်းဟာ အလွန်ဆင်းရဲခဲ့ပေမဲ့ ပညာကိုကြိုးစားခဲ့တဲ့အတွက် ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့တာ လေ့လာမှတ်သားဖူးပါတယ်။ အတန်းပညာတွေသင်ပြီးသွားလို့ စီးပွားရှာတဲ့နေရာမှာလဲ အတွေ့အကြုံတွေကို ဆက်ပြီးသင်ယူလေ့လာနေကြရမှာဖြစ်ပါတယ်။ သင်ယူလေ့လာမှုအားကောင်းသူတွေဟာ အမှန်နဲ့အမှားကို ခွဲခြားနိုင်တာကြောင့် ကိုယ်လုပ်နေတဲ့အလုပ်တွေမှာ အမှားနည်းကြပါတယ်။

**ကိုယ်ကျင့်တရား**

ကိုယ်ကျင့်တရားဆိုတာ ကိုယ်တိုင်ပြုမူပြောဆိုနေထိုင်လုပ်ကိုင်ရတဲ့အလုပ်ဖြစ်ပါတယ်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးရဲ့ အမူအကျင့်တွေကောင်းမွန်တာကို ဆိုလိုပါတယ်။ ကိုယ်ကျင့်တရားကောင်းသူတွေဟာ ပတ်ဝန်းကျင်ရဲ့ချစ်ခင်လေးစားမှုကိုခံရပါတယ်။ မိမိရဲ့ကိစ္စတွေပေါ်ပေါက်လာရင်လဲ ပတ်ဝန်းကျင်တွေဆီက အကူအညီတွေကို မဆိုင်းမတွပြန်လည်ရရှိပါတယ်။

❖ လူငယ်တွေကို အဖြူရောင်နဲ့ တင်စားကြပါတယ်။ အဖြူရောင်အပေါ်မှာ အခြားအရောင်တစ်ခုခု ဆေးစက်ကျသွားရင် စွန်းထင်းသွားတဲ့အရောင်ကြောင့် သန့်ရှင်းစင်ကြယ်တဲ့အဖြူရောင်ကို အကျည်းတန်အရုပ်ဆိုးစေပါမယ်။ လူငယ်တစ်ယောက်ကို လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ ပြုစုပျိုးထောင်ပေးရတာဟာ အခု ရေတွင်းတူး အခု ရေကြည်သောက်ချင်သလိုလုပ်မရဘဲ အချိန်ယူလုပ်မှရပါတယ်။ လူတော်လူကောင်းတွေဖြစ်ဖို့က မိဘ၊ ဆရာနဲ့ ပတ်ဝန်းကျင်တွေအပေါ်မှာလဲ မူတည်ပါတယ်။ ❖

မျက်မှောက်ကာလဟာ နည်းပညာခေတ်ဖြစ်လာတော့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်က မလိုလားအပ်တဲ့ ဆွဲဆောင်မှုတွေနောက်ကိုလိုက်ပါရင်း ကိုယ်ကျင့်တရားမပျက်ယွင်းဖို့ ဂရုပြုကြရပါမယ်။ မူလက ကိုယ်ကျင့်တရားကောင်းတဲ့သူတောင်မှ အပေါင်းအသင်း၊ ပတ်ဝန်းကျင်မကောင်းရင် ကိုယ်ကျင့်တရားပျက်ယွင်းသွားတတ်ပါတယ်။ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုတဲ့စကားလိုပေါ့။

**နိုင်ငံနှင့်လူမျိုးအပေါ်ချစ်စိတ်**

မျိုးချစ်စိတ်ဆိုတာ တိုင်းပြည်နှင့်လူမျိုးကိုချစ်ခင်သောစိတ်ဓာတ်လို့ မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးပဲဖြစ်ဖြစ် သူတို့တိုင်းပြည်နဲ့လူမျိုးရဲ့အကျိုးစီးပွားကိုသာ ဦးစားပေးလုပ်ဆောင်ကြပါတယ်။ ထူးခြားတာက မိမိတို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ မဟာဗျူဟာအချက်အချာကျတဲ့နေရာမှာတည်ရှိနေသလို သဘာဝသယံဇာတတွေပေါ်ကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ လူမျိုးတစ်မျိုးတည်းနေထိုင်တာမဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့တိုင်းရင်းသားတွေနဲ့ စုစည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ပါတယ်။

ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးတွေဟာ သူတို့အကျိုးစီးပွားအတွက် မိမိတို့နိုင်ငံကို အသုံးချလိုပါတယ်။ ကိုလိုနီခေတ်ကလို နိုင်ငံအပေါ် လက်နက်အားကိုးနဲ့ ကျွန်ပြုတာမျိုးမဟုတ်တော့ဘဲ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအနုပညာ၊ စာပေတွေ တိမ်ကောပပျောက်သွားအောင် နည်းမျိုးစုံနဲ့ကြိုးပမ်းနေကြတာ၊ နှစ်ပေါင်းများစွာ အေးအတူပူအမျှ လက်တွဲနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားတွေအချင်းချင်း သွေးကွဲအောင်ဖန်တီးနေကြတာတွေ၊ ပြည်တွင်းက အတ္တကြီးတဲ့ ကိုယ်ကျိုးရှာသစ္စာဖောက်တွေမွေးတာကို သတိပြုကြရပါမယ်။ ဒီနည်းလမ်းတွေကြောင့် နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်မှုလမ်းပေါ် မရောက်တော့ဘဲ နိမ့်ကျတဲ့သူ့ကျွန်ဘဝကို ရောက်အောင်ဖန်တီးနေပါတယ်။ ဒီလုပ်ဆောင်ချက်တွေက ချက်ချင်းလုပ်တာမျိုးမဟုတ်ဘဲ ကာလရှည်ကတည်းက အချိန်ယူ စီစဉ်နေတာမျိုးဖြစ်ပါတယ်။ လူငယ်ထုအတွင်းမှာလဲ တိုင်းတစ်ပါးကို အထင်ကြီးစိတ်၊ မိမိနိုင်ငံနဲ့လူမျိုးကို အထင်သေးစိတ်တွေ ဝင်လာအောင် နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေတာကို လူငယ်ထုအနေနဲ့ သူတို့ရဲ့ အသုံးချခံမဖြစ်ရအောင် အမြင်ကျယ်ကျယ်နဲ့ သတိမူကြရပါမယ်။ မျိုးချစ်စိတ်ကို မွေးမြူကြဖို့လိုအပ်ပါတယ်။

**ပရဟိတစိတ်**

လူငယ်တွေရဲ့ ပင်ကိုအရည်အချင်းတွေအရ အများအကျိုးကိုသယ်ပိုးလိုစိတ်ရှိကြပါတယ်။ ကျောင်းနေအရွယ်မှာကတည်းက စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်၊ စည်းကမ်းလိုက်နာမှုတွေကို လေ့ကျင့်ပေးကြရပါမယ်။ စာရေးသူတို့ လူငယ်ဘဝက ရပ်ကွက်စာကြည့်တိုက်ကိုအခြေပြုပြီး ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေမှာပါဝင်လှုပ်ရှားရင်း ပရဟိတလုပ်ငန်းတွေမှာပျော်မွေ့ခဲ့ပါတယ်။ နိုင်ငံအကျိုးအတွက် ဆောင်ရွက်လိုတဲ့အခြေခံစိတ်ဓာတ်ဟာ ပရဟိတစိတ်ပဲဖြစ်ပါတယ်။ ဒါကြောင့် လူငယ်ထုအတွင်း အများအကျိုးပြုအသင်းအဖွဲ့တွေမှာ နိုင်ငံရေးအရောင်အသွေးကင်းကင်းနဲ့ လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်လှုပ်ရှားသင့်ကြပါတယ်။

**အချိန်ကိုအသုံးချတတ်မှု**

မရပ်မနားပြောင်းလဲနေတာက အချိန်ပါ။ အချိန်ကိုအကျိုးရှိအောင်အသုံးချတတ်သူတွေဟာ ထူးချွန်တဲ့ပုဂ္ဂိုလ်ကြီးတွေဖြစ်လာကြပါတယ်။ လယ်တီဆရာတော်ကြီးဟာ ကျမ်းစာတွေကို ခရီးသွားရင်း၊ စာချရင်း ပြုစုပါတယ်။ ကျမ်းစာရေးနေရင်း အချိန်မကုန်ရအောင် ခဲတံတွေကို အသင့်ချွန်ထားခဲ့ကြောင်း လေ့လာမှတ်သားဖူးပါတယ်။ လူငယ်တွေအနေနဲ့ အချိန်သုံးတာနဲ့ အချိန်ဖြုန်းတာကို ခွဲခြားတတ်ဖို့လိုပါတယ်။ လူငယ်တချို့ဟာ အချိန်ရနေရင် အချိန်ကိုတန်ဖိုးရှိအောင်အသုံးချရမဲ့အစား လက်ကိုင်ဖုန်းတွေနဲ့ အချိန်ကိုဖြုန်းတီးနေတာ မြင်တွေ့နေရပါတယ်။ ကုန်ဆုံးသွားတဲ့အချိန်ဟာ အစားထိုးပြန်မရနိုင်တာမို့ အကျိုးရှိရှိ စည်းကမ်းနဲ့အချိန်ကို အသုံးချသင့်ပါတယ်။ အချိန်ကို ဖြုန်းတီးလိုက်တဲ့ နောက်ဆက်တွဲဆိုးကျိုးက ပျင်းရိတဲ့စိတ်ကိန်းအောင်းလာပါတယ်။ လူပျင်းတစ်ယောက်ဟာ သူ့ရဲ့စိတ်ဓာတ်ကိုယုတ်လျော့စေပါတယ်။ ဘဝတိုးတက်မှုကို နှောင့်နှေးစေပါတယ်။ ဒါကြောင့် လူငယ်တွေဟာ သဘာဝကြီးက အညီအမျှပေးထားတဲ့အချိန်ကို အလဟဿမဖြုန်းတီးဘဲ အကျိုးရှိရှိအသုံးချတတ်အောင် ကြိုးစားသင့်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ လူငယ်တွေရဲ့အရည်အချင်းကောင်းတွေပိုင်ဆိုင်နိုင်အောင် လူငယ်တွေက ကြိုးစားကြရမှာဖြစ်သလို မိဘတွေ၊ ဆရာတွေနဲ့ ပတ်ဝန်းကျင်တွေကလဲ နိုင်ငံအကျိုးအတွက်ကော လူငယ်တွေအတွက်ပါ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြရင် အကောင်းဆုံးပါပဲ။ လူငယ်တွေကို အသိမှန်၊ အမြင်မှန်၊ အတွေးအခေါ် အယူအဆမှန်တွေပေါ်မှာရပ်တည်ပြီး သူတို့ဘဝတိုးတက်အောင်မြင်ရေးအတွက် ဆောင်ရွက်နိုင်ရေးဟာ တာဝန်ကိုယ်စီရှိကြပါတယ်။

နိုင်ငံတော်ကြီးက အဆောက်အအုံကြီးနဲ့တူပါတယ်။ အဆောက်အအုံကြီး ရေရှည်တည်တံ့အောင် အခြေခံအုတ်မြစ်ခိုင်ခံ့ဖို့အရေးကြီးပါတယ်။ နိုင်ငံတော်ရဲ့အခြေခံအုတ်မြစ်က လူငယ်တွေဖြစ်တယ်လို့တင်စားလိုပါတယ်။ အခြေခံအုတ်မြစ်ကြီးခိုင်ခံ့ဖို့ လူငယ်တွေရဲ့ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကျတဲ့ လူငယ်တွေ၊ မိဘတွေ၊ ဆရာတွေနဲ့ပတ်ဝန်းကျင်တွေက ဝိုင်းဝန်းကြိုးပမ်းကြမယ်ဆိုရင် အနာဂတ်နိုင်ငံတော်ကြီးရဲ့စည်းလုံးညီညွတ်မှု၊ စည်ပင်တိုးတက်မှုတွေကို မျက်ဝါးထင်ထင်တွေ့မြင်ရမှာ မလွဲဧကန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ကိုးကား**

– ဟံသာဝတီဆုံးမစာပေါင်းချုပ်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၃၅ ဒသမ ၄၇ သန်း ရရှိထား



တနသ်ာရီတိုင်းဒေသကြီးရှိ ဟိန္ဒားသတ္တုတွင်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ကာလအတွင်း ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄၇ သန်း ပို့ကုန်ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ သတ္တုနှင့် တွင်းထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်မှုမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ကာလအတွင်း နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၃ သန်းရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၀၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄၇ သန်း ပို့ကုန်ဝင်ငွေရရှိထားကြောင်း သိရသည်။

"သတ္တုနဲ့တွင်းထွက်ပစ္စည်းကဏ္ဍအနေနဲ့ ပြည်ပတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄၇ သန်း ပို့ကုန်ဝင်ငွေရရှိထားပါတယ်။ သတ္တုအနေနဲ့ပြည်ပတင်ပို့မှုမှာတော့ အဓိက တရုတ်နိုင်ငံကို တင်ပို့လျက်ရှိပါတယ်။ တင်ပို့နေတဲ့ သတ္တုအမည်တွေကတော့ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ကြေးဝါတို့ဖြစ်ပါတယ်။ အများဆုံးတင်ပို့နေတဲ့ ခဲမဖြူနဲ့ အဖြိုက်နက်သတ္တုတွေကိုတော့ ကယားပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေက အများဆုံး ထုတ်လုပ်နေပြီး မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာလဲ ထုတ်လုပ်လျက်ရှိပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံမှ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တင်ပို့ရာတွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်း အမျိုးမျိုးကို တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# သံတွဲမြို့နယ် ဆူးပုတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆူးပုတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များထမ်းဆောင်ရမည့်တာဝန်များ၊ ရပိုင်ခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ဆူးပုတ်ကုန်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့ထက်အောင်(ပျော်ဘွယ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့အသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ ယူနီယံဘာလင်၊ ဗီလာရီးရဲလ်အသင်းတို့နဲ့ လက်တွဲရမှာပါ

ML




အခုတစ်ပတ်မှာတော့ အမှတ်ပေးပြိုင်ပွဲငါးခုစလုံး ယှဉ်ပြိုင်ကစားမှာဖြစ်လို့ Big Match ပွဲတွေကို စောင့်မျှော်နေတဲ့ ပရိသတ်တွေအတွက် ထူးခြားတဲ့ ရက်သတ္တပတ်ဖြစ်လာအုံးမှာပါ။ လက်ရှိမှာတော့ ဇန်နဝါရီ အပြောင်းအရွှေ့ကာလပိတ်သိမ်းခဲ့ပေမဲ့ အသင်းကြီးတွေပဲ ချန်ပီယံဆုနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် ကစားသမားခေါ်ယူမှုတွေပြုလုပ်နိုင်ခဲ့ပြီး အသင်းငယ်အများစုကတော့ ဘဏ္ဍာရေးအင်အားနည်းပါးမှုကြောင့် အပြောင်းအရွှေ့ဈေးကွက်မှာ နောက်ကျခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုတစ်ပတ်မှာလဲ ကစားသမားအင်အားတောင့်တင်းပြီး ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့အသင်းတွေနဲ့ပဲ ဆက်လက်လက်တွဲရမှာဖြစ်ပါတယ်။

**မန်ယူကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ ပဲလေ့စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ ပြီးခဲ့တဲ့ဖလားပြိုင်ပွဲတွေမှာနိုင်ပွဲရရှိထားပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာတော့ အာဆင်နယ်အသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြတန်ဟတ်ရဲ့ စံချိန်ကောင်းတစ်ခု ရပ်တန့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ဇန်နဝါရီ ၂၆ ရက်မှာကစားခဲ့တဲ့ ကွာရာဘောင်းဖလားပထမအကျော့မှာ နော့တင်ဟမ်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သလို အက်ဖ်အေဖလားပွဲစဉ်မှာလဲ ရီဒင်းအသင်းကို သုံးဂိုးတစ်ဂိုးနဲ့အနိုင်ယူပြီး နောက်တစ်ဆင့်ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ ရှုံးထွက်အဆင့်ရောက်ရှိနေပြီး ဘာစီလိုနာအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပေမဲ့ အဲဒီပွဲစဉ်ကိုအနိုင်ရခဲ့ရင် ယူရိုပါလိဂ်ဆုဖလားရဖို့ အခြေအနေကောင်းလာမှာသေချာပါတယ်။ ဒါကြောင့် မန်ယူအသင်းဟာ ဖလားလေးလုံးလမ်းကြောင်းပေါ်မှာရှိနေဆဲဖြစ်လို့ အခုပွဲစဉ်ကို အမှားခံမှာမဟုတ်ပါဘူး။ ဒါ့ပြင် သူတို့အသင်းဟာ နည်းပြတန်ဟတ်လက်ထက်မှာ နောက်ဆုံးအိမ်ကွင်း ၁၄ ပွဲဆက်မရှုံးသေးတဲ့ စံချိန်ကောင်းကိုပိုင်ဆိုင်ထားသလို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကလဲ ခြေစွမ်းပြနေပြီး သွင်းဂိုးကိုးဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ မန်ယူအသင်းမှာ အဲရစ်ဆင်အပါအဝင် ကစားသမားခုနစ်ယောက်ထိ ဒဏ်ရာရနေပေမဲ့ အပြောင်းအရွှေ့မပိတ်သိမ်းမီ ဆာဘစ်ဇာကိုခေါ်ယူနိုင်ခဲ့လို့ ကွင်းလယ်ပိုင်းအားနည်းချက်ကို ဖြည့်ဆည်းနိုင်မှာသေချာပါတယ်။

နည်းပြဗီအဲရာရဲ့ ပဲလေ့စ်အသင်းဟာ ရာသီအစမှာပုံစံကောင်းပြသနိုင်ခဲ့ပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးကစားခဲ့တဲ့ နောက်ဆုံးပြိုင်ပွဲစုံခုနစ်ပွဲဆက်မှာတော့ တစ်ပွဲပဲအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ ရမှတ်နှစ်မှတ်ပဲ ရရှိထားပြီး သုံးပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာတော့ မန်ယူအသင်းကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေရလဒ်နဲ့ နယူးကာဆယ်အသင်းကို အိမ်ကွင်းမှာ ဂိုးမရှိသရေကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိ နည်းပြဗီအဲရာရဲ့ ၄-၂-၃-၁ ကစားကွက်အောက်မှာ တိုက်စစ်မှူး ဇာဟာ၊ အိုလစ်စီ၊ အဲဒိုအာ့ဒ်တို့ဦးဆောင်နေပေမဲ့ တိုက်စစ်မှူး ဇာဟာက သွင်းဂိုးခြောက်ဂိုးထိ သွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဇာဟာဟာ ကြွက်သားဒဏ်ရာရရှိနေလို့ အခုပွဲစဉ်ကိုပါဝင်ဖို့မသေချာတာကြောင့် အဝေးကွင်းရလဒ်ကျဆင်းနေတဲ့ သူတို့အသင်းအတွက်ထိုးနှက်ချက်ဖြစ်မှာသေချာပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ မန်ယူကပဲအသာရခဲ့သလို လက်ရှိမှာလဲ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းနေတာကြောင့် ပဲလေ့စ်အသင်းခံစစ်ပိုင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ မန်ယူကိုပဲ အားပေးရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၁ | မန်စီးတီး |
| ပဲလေ့စ် | ၁ | - | ၁ | မန်ယူ |
| အာဆင်နယ် | ၃ | - | ၂ | မန်ယူ |
| နော့တင်ဟမ် | ၀ | - | ၃ | မန်ယူ |
| မန်ယူ | ၃ | - | ၁ | ရီးဒင်း |

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၄ | စပါး |
| ပဲလေ့စ် | ၁ | - | ၂ | ဆောက်သမ်တန် |
| ချဲလ်ဆီး | ၁ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၁ | - | ၁ | မန်ယူ |
| ပဲလေ့စ် | ၀ | - | ၀ | နယူးကာဆယ် |

**ယူနီယံဘာလင်ရလဒ်ကောင်းမှာပါ**

စနေနေ့ညနေမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ယူနီယံဘာလင်နဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ အမှတ်ပေးပြိုင်ပွဲမှာဖြစ်ပြီး ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အခုဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ယူနီယံဘာလင်အနေနဲ့ မိန့်ဇ်အသင်းကို လက်ခံကစားရမှာဖြစ်လို့ အခက်အခဲရှိမှာမဟုတ်ပါဘူး။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲအပြီးမှာ ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ထားပေမဲ့ အိမ်ကွင်းရှစ်ပွဲမှာတော့ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြဖစ်ရှာလက်အောက်မှာ ခြေစွမ်းပြကစားသမားတွေ မဝယ်ယူနိုင်ပေမဲ့ အသင်းလိုက်ကစားပုံကျစ်လျစ်မှုရှိတာကြောင့် အမှတ်ပေးဇယားအဆင့်(၂)မှာ ရမှတ် ၃၆ မှတ်နဲ့ရပ်တည်နေသလို အဆင့်(၁)က ဘိုင်ယန်မြူးနစ်နဲ့ တစ်မှတ်ပဲကွာဟနေပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိနေတာကြောင့် အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ဂုဏ်ပုဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ပြင်ဆင်လာမှာသေချာပါတယ်။

မိန့်ဇ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုချမ်အသင်းကို ငါးဂိုးနှစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာတော့ နှစ်ပွဲပဲ အနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းအနေနဲ့ ဘွန်ဒက်လီဂါမှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၁)မှာရောက်ရှိနေပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ပေးဂိုးများနေတာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ကိုတော့ အိုနီစီဝိုက သွင်းဂိုးခုနစ်ဂိုးနဲ့ဦးဆောင်နေပေမဲ့ သူ့အနေနဲ့ ခံစစ်ကစားပုံတည်ငြိမ်တဲ့ အသင်းတွေနဲ့ဆို ဂိုးရဖို့ခက်ခဲနေတာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ အဓိက ကစားသမားတွေအပါအဝင် ကစားသမားငါးယောက်ထိ ဒဏ်ရာရနေတာကြောင့် အိမ်ကွင်းတိုက်စစ်ကစားအားကောင်းတဲ့ ယူနီယံဘာလင်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် မိန့်ဇ်အသင်းဟာ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ယူနီယံဘာလင်ပဲ ရလဒ်ကောင်းမှာပါ။

**ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၃ | - | ၁ | ဇလီနာ |
| ယူနီယံဘာလင် | ၃ | - | ၁ | ဟော့ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၁ | - | ၂ | ယူနီယံဘာလင် |
| ဟာသာဘာလင် | ၀ | - | ၂ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၂ | - | ၁ | ဝုဖ်ဘတ် |

**မိန့်ဇ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၅ | - | ၁ | လူဇန် |
| မိန့်ဇ် | ၂ | - | ၂ | ဟော့ဖန်ဟိမ်း |
| စတုဂတ် | ၁ | - | ၁ | မိန့်ဇ် |
| မိန့်ဇ် | ၁ | - | ၂ | ဒေါ့မွန် |
| မိန့်ဇ် | ၅ | - | ၂ | ဘိုချမ် |

**ဗီလာရီးရဲလ်ကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အယ်ချီနဲ့ ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အယ်ချီအသင်းဟာ လာလီဂါပြိုင်ပွဲ ၁၉ ပွဲကစားအပြီးမှာ ခြောက်ပွဲသရေ၊ ၁၃ ပွဲရှုံးရလဒ်နဲ့ နိုင်ပွဲမရသေးတာကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ရမှတ်ခြောက်မှတ်ပဲရသေးတဲ့သူတို့အသင်းအတွက် ရာသီအကုန်မှာ ဒုတိယတန်းကလပ်ကို တန်းဆင်းရဖို့သေချာနေပါတယ်။ လက်ရှိ အပြောင်းအရွှေ့မှာလဲ ဘဏ္ဍာရေးအင်အားနည်းပါးတာကြောင့် အဓိက ကစားသမားခေါ်ယူမှုတွေပြုလုပ်နိုင်ခြင်းမရှိခဲ့ပါဘူး။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ခံစစ်အသားပေးကစားပြီး ရမှတ်ခွဲယူဖို့ကြိုးစားခဲ့ပေမဲ့ အသင်းကြီးနဲ့တွေ့ရင် ပေးဂိုးတွေများခဲ့လို့ ရှုံးပွဲကြုံနေရဆဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကစားသမားလေးယောက်ဒဏ်ရာကြောင့်မပါနိုင်ပေမဲ့ ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာကို တွေ့ရမှာပါ။

ဗီလာရီးရဲလ်အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ဗယ်လ်ကာနိုကို ရှုံးနိမ့်ခဲ့တာကြောင့် ဥရောပယှဉ်ပြိုင်ခွင့်ရဖို့ရမှတ်ထပ်မံရှာဖွေရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ထိန်းချုပ်ဖို့ကြိုးစားခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့တန်ပြန်တိုက်စစ်ကြောင့် အခက်တွေ့ခဲ့ပြီး ပွဲချိန် မိနစ် ၇၀ မှာ ဦးဆောင်ဂိုးပေးလိုက်ရကာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ လာလီဂါ ၁၉ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၁ မှတ်ထိရရှိထားပြီး အဆင့်(၄)က အေတီကိုနဲ့ ရမှတ်သုံးမှတ်ပဲကွာတာကြောင့် ချန်ပီယံလိဂ်မျှော်လင့်ချက်ရှင်သန်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဆက်တီယန်ဟာ အခုလို ကစားသမားစုဖွဲ့မှုနည်းပြီး ခံစစ်ပိုင်းအားနည်းနေတဲ့အသင်းနဲ့တွေ့ဆုံချိန်မှာ နိုင်ပွဲရှာဖွေမှာဖြစ်လို့ ကစားသမားအားလုံးအသုံးပြုလာမှာဖြစ်ပါတယ်။ လက်ရှိ ၄-၁-၄-၁ ကစားကွက်မှာတော့ ဗီလာရီးရဲလ်တိုက်စစ်ပိုင်းကို မိုရီနို၊ ပီနိုနဲ့ ဘေနာတို့က ဦးဆောင်နေပြီး မိုရီနိုက သွင်းဂိုးလေးဂိုးနဲ့ ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းစလုံးရဲ့နည်းပြတွေက အသစ်ခန့်အပ်ထားတဲ့သူတွေဖြစ်ပေမဲ့ ဗီလာရီးရဲလ်နည်းပြကတော့ နည်းစနစ်ပိုင်းနဲ့ ကစားသမားအသုံးပြုပုံမှာ အယ်ချီအသင်းထက်အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲမှာချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ပစ်မှတ်ထားနေတဲ့ ဗီလာရီးရဲလ်ကို ရွေးချယ်ရမှာပါ။

**အယ်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကျူတာ | ၁ | - | ၀ | အယ်ချီ |
| အယ်ချီ | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ကာဒီဇက် | ၁ | - | ၁ | အယ်ချီ |
| အယ်ချီ | ၁ | - | ၁ | အိုဆာဆူနာ |
| ဆီဗီလာ | ၃ | - | ၀ | အယ်ချီ |

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ဗီလာရီးရဲလ် | ၁ | - | ၀ | ဂျီရိုနာ |
| ဗီလာရီးရဲလ် | ၀ | - | ၁ | ဗယ်လ်ကာနို |

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး) - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ မန္တလေး-လားရှိုးလမ်း၊ အမှတ်(၂၀၀)၊ အခန်း(၁)တွင် ဖွင့်လှစ်ထားသော အောင်စည်တိုး (အိမ်ခြံမြေနှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း)အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ(၂၅)ရက်၌ အများနှင့်မသက်ဆိုင်သောကုမ္ပဏီအဖြစ် စတင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီးနောက်တွင် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးအခက်အခဲများကြောင့် ကုမ္ပဏီဘုတ်အဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၀-၁-၂၀၂၃ ရက်နေ့တွင် ကုမ္ပဏီအား ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူလွင်**
**(၁၃/ညရန(နိုင်)၀၈၃၀၅၁)**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၄)၊ G-8(B)၊ ကျောင်းဝင်အမှတ်- ၀၈၈၁၊ (အဘ) ဦးအောင်အောင်နိုင် ၏သမီး အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မစုအိမ်စည် ဖြစ်ပါကြောင်း။ **မစုအိမ်စည်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အနောက်နေ ဦးရဲဝင်း - ဒေါ်ခင်သန်းနု တို့၏သား **မောင်ကျော်မင်းထွန်း(၉/အမဇ(နိုင်)၀၂၁၄၃၅)**သည် မိဘ ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးရဲဝင်း (၁၁/အမန(နိုင်)၀၂၁၄၁၈)**
**ဒေါ်ခင်သန်းနု (၁၁/အမန(နိုင်)၀၂၁၁၃၂)**

## စားသောက်ဆိုင်အတွက် "အမျိုးသမီး" ဝန်ထမ်းအလိုရှိသည်

- စားပွဲထိုး/ မီးဖိုချောင်အကူ
- အရက်/ဘီယာ မရောင်းပါ
- အသက် (၁၆)နှစ်မှ (၂၈)အတွင်း
- အိမ်ထောင်မရှိသူ/ ရေရှည်လုပ်ကိုင်နိုင်သူ
- 09-979041072, 09-789320089

## Marketing ကျွမ်းကျင်အလိုရှိသည်

- အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး
- ဘွဲ့ရ အသက်(၂၅)နှစ်အထက်
- စားသောက်ကုန်ဖြန့်ချိရေးအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- ခရီးအနီးအဝေးသွားနိုင်ပြီး လုပ်ငန်းတွင်နေနိုင်သူဦးစားပေးမည်

**AHT စားသောက်ကုန်ဖြန့်ချိရေး**
**09-441006300**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရွာနေ ဦးအောင်သူ + (ဒေါ်အေးအေးဝင်း)တို့၏ ဒုတိယသမီး **မသက်သက်အောင်(၉/အမဇ(နိုင်)၀၃၂၂၈၀)** မှတ်ပုံတင်ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲအောင်၊ သိက္ခာကျအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် သမီးအဖြစ်မှ (ရာသက်ပန်) အမွေပြတ်စွန့်လွှတ်သည်။ ၎င်းနှင့်သက်ဆိုင်သောကိစ္စများ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးအောင်သူ (၉/မမန(နိုင်)၀၂၅၇၂၇)**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ၊ ရိပ်ခိုနားနေ အပန်းပြေ၏**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို...

❖ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသားများကို တပ်မတော်က ပြန်လည်ခေါ်ဆောင်



ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသားများ ကော့သောင်းမြို့ ရွှေဝက်ဝံဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိစဉ်။



ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသောမြန်မာနိုင်ငံသားများကို မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့တို့က ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲရှိသော မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့လျက်ရှိသည့် မြန်မာနိုင်ငံသား ၆၇၉ ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများထံမှ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က ထိုင်းနိုင်ငံ ရနောင်းမြို့ အကောက်ခွန်တံတားတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

